မွန်ပြည်နယ် ပေါင်မြို့နယ်

ဆကေသ မဟာစာတုဝင်

# ဇင်းကျိုက် ဆံတော်ရှင်

# ဘုရားသမိုင်း

၂၇-၁၀-၉၆

၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့

စာမူခွင့်ပြုချက် အမှတ်(၆၁/၉၆)(၁၁)
မျက်နှာဖုံးခွင့်ပြုချက် အမှတ်(၆၇/၉၆)(၁၁)
**ဒုတိယအကြိမ်** ပုံနှိပ်ခြင်း၊ **၁၉၉၇ ခုနှစ်၊ မေလ** အုပ်ရေ၁၀၀၀၀

ဒုတိယဗိုလ်ချုပ်ကြီးဦးလှ
ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက
ထုတ်ဝေသည်။

အမှတ် ၂၃၃၁၇၉
ရက်စွဲ ....................

ဦးသောင်းရွှေ(၀၃၅၆၁) ခိုင်ပုံနှိပ်တိုက်က
ပုံနှိပ်သည်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

— — — — — — — —

တပ်မတော် ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော် ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။
စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
ရပ်ရွာ အေးချမ်းသာယာရေး။
ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

— — — — — — —

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

# မွန်ပြည်နယ်-ပေါင်မြို့နယ်
# ဆကေသမဟာဓာတုဝင်ဇင်းကျိုက်ဆံတော်ရှင်ဘုရားသမိုင်း

## မာတိကာ


| | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အမှာစာ | ... | ၁ |
| ၂။ | ဥယျောဇဉ် | ... | ၇ |
| ၃။ | သထုံမြို့အနီးမှသုဗ္ဗိန္ဒနာဂရမြို့တော် | ... | ၁၄ |
| ၄။ | မင်းသားနှစ်ပါးတောထွက်ခြင်း | ... | ၁၅ |
| ၅။ | နဂါးဥဖွားသတို့သား | ... | ၁၆ |
| ၆။ | နောင်တော်ရွှေနန်းရှင် | ... | ၁၈ |
| ၇။ | အရှင်ဂဝံပတိရဟန္တာမထေရ် | ... | ၁၉ |
| ၈။ | ဘုရားမြတ်ရှင် ဒေသစာရီကြွချီလာခြင်း | ... | ၂၅ |
| ၉။ | ရသေ့များအား ဆံတော်ချီးမြှင့်ခြင်း | ... | ၂၆ |
| ၁၀။ | အရှင်ဂဝံပတိမထေရ်သွားတော်(၃၃)ဆူကို ပင့်ဆောင်ပေးခြင်း | ... | ၂၈ |
| ၁၁။ | ပရိယတ္တိသာသနာအစသုဝဏ္ဏဘူမိက | ... | ၂၉ |
| ၁၂။ | သာသနာ့ထေရ်ရသမိုင်းဝင် အရှင်မဟာ ဗုဒ္ဓဃောသမထေရ်မြတ်၏ ထူးခြားသောဂုဏ်ရည် | ... | ၃၁ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁၃။ ဆကေသမဟာဓာတုဝင်ဇင်းကျိုက်ဆံတော်ရှင် စေတီ တည်တော်မူခြင်း | ... | ၃၃ |
| ၁၄။ ကျိုက်ဖြင်းနတ် သို့မဟုတ် နဂါးမိန်းမဘုရား | ... | ၃၄ |
| ၁၅။ ကွမ်ဒိုင်းကျောက် | ... | ၃၅ |
| ၁၆။ ဇင်းကျိုက်ဆံတော်ရှင်စေတီတည်ရာဌာန | ... | ၃၆ |
| ၁၇။ ထူးခြားမြင့်မြတ်သောဇင်းကျိုက်တောင် | ... | ၃၈ |
| ၁၈။ သမိုင်းထင်ပေါ် ရွှေဇင်းကျိုက်ဆံတော်ရှင် စေတီတော် | ... | ၄၀ |
| ၁၉။ ဟံသာဝတီတည်ထောင်သမလ၊ဝိမလညီနောင် | ... | ၄၂ |
| ၂၀။ ဗျတ်ဝိ၊ ဗျတ္တ ဝိဇ္ဇာညီနောင် | ... | ၄၃ |
| ၂၁။ ခေတ်အဆက်ဆက်ပြုပြင်ထိန်းသိမ်းမှု | ... | ၄၄ |
| ၂၂။ ဓမ္မစေတီမင်းမြတ်၏ပြုပြင်တည်ဆောက်မှု | ... | ၄၅ |
| ၂၃။ ဘုရင့်နောင်ခေတ်ကျိုက်ဖြင်းနတ် | ... | ၄၈ |
| ၂၄။ အနောက်ဘက်လွန်မင်းလက်ထက်အခြေအနေ | ... | ၄၉ |
| ၂၅။ ကုန်းဘောင်ခေတ်ဇင်းကျိုက်ဆံတော်ရှင် | ... | ၅၀ |
| ၂၆။ မွန်မြန်မာမင်းများနောက်ပိုင်းအခြေအနေ | ... | ၅၁ |
| ၂၇။ မျက်မှောက်ခေတ်ပြုပြင်တည်ဆောက်မှု | ... | ၅၁ |
| ၂၈။ ကျိုက်ထီးဆောင်းဆရာတော်၏ ပြုပြင်တည်ဆောက်မှု | ... | ၅၃ |
| ၂၉။ ဝိဇ္ဇာညီနောင်စေတီထီးတော်တင်လှူဆက်ကပ်ခြင်း | ... | ၅၄ |
| ၃၀။ မော်တော်ကားလမ်းဖောက်လုပ်ခြင်း | ... | ၅၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


၃၁။ ၁၉၉၄ခုနှစ် သီးတော်တင်လှူဆက်ကပ်ခြင်း ... ၅၈

၃၂။ ဇင်းကျိုက်ဆံတော်ရှင်စေတီတော်စိန်ဖူး၊
ငှက်မြတ်နားတင်လှူပွဲ ... ၆၁

၃၃။ ထူးထွေဆန်းကြယ်အံ့ဖွယ်အသွယ်သွယ် ... ၆၃

၃၄။ လေ့လာဖွယ် ဇင်းကျိုက်တောင်တော်ဝယ် ... ၆၆

၃၅။ မင်းတက်ကျောက်ဖျာ ... ၇၀

၃၆။ နဂါးဥစေတီ၊ သက်န်းလှန်းတောင်စေတီ ... ၇၁

၃၇။ ခမ္မစေတီမင်းကြီး၏ ကျောက်ဗွင်းနတ်သိမ် ... ၇၂

၃၈။ မင်းတစ်ရာ့တစ်ပါးစေတီ ... ၇၄


၃၉။ ရေတံခွန်နှင့်ကျောက်သမ္ဗန် ... ၇၅

၄၀။ အပါယ်ပိတ်ဘုရား ... ၇၆


၄၁။ ထင်ပေါ်ကျော်ကြား ရွှေဇင်းကျိုက်
ဆံတော်ရှင်ဘုရား ... ၇၇

၄၂။ မြင့်မြတ်သောနေရာဌာန ... ၇၈


မာတိကာပြီး၏



ဇင်းကျိုက်ဆံတော်ရှင်စေတီတော်






( ဗျတ်ဝိ )　　ဝိဇ္ဇာညီနောင်စေတီတော်　　( ဗျတ္တ )



ဘားမဲ့အောင်သိဒ္ဓိစေတီတော်နှင့် အောင်မြေ





ဘားမဲ့ဂူ



ဓမ္မစေတီမင်း သမုတ်ခဲ့သည့် ဇောင်ကျောက် ဗွင်းနတ်သိမ်



တိဿကုမာရ ရသေ့

## စာရေးသူ၏အမှာစာ

### ဘုရားတန်ဆောင်း၊ ဂူကျောင်း၊ ပြာသာဒ်၊ အရုပ်ရုပ် ကမ္ဘည်းထိုးအပ်စွ

၁။ ရှေးခေတ်မြန်မာတို့သည် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု အခြေအနေများကို ကျောက်စာ၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ ချေင်း၊ မော်ကွန်းတို့ဖြင့် ကမ္ဘည်းထိုး မှတ်တမ်းတင်ခဲ့ကြသည်။ ယင်းတို့ ကျေးဇူးကြောင့် မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းကို ယနေ့ ဂုဏ်ယူဝင့်ကြွား ပြောဆိုနိုင်ခဲ့ကြသည်။ သို့ဖြစ်၍ မျက်မှောက် စေတီသမိုင်း မှတ်တမ်းများကို ပြုစုရေးသားခြင်းဖြင့် အနာဂတ် လူ့ဘောင်အတွက် လက်ကမ်းအမွေပေးခဲ့ရန် လိုအပ်ပေသည်။ ဤသဘော အနှစ်သာရ လိုအပ်ချက်ကို ဆင်ခြင်နှလုံးသွင်းမိပေသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဦးလှသည် သာသနာ့ပြု ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ အရှင်သူမြတ် ဖွင့်ဖော်ပြုပြင် တည်ထောင်ခဲ့ပြီးဖြစ်သည့် ဆံတော်ရှင်စေတီတော်များသမိုင်းကို ပြုစုရန် တာဝန်ပေးခဲ့ပါသည်။ ဤတာဝန်ကို ကိုယ်တိုင်ကိုယ်ကျ မျက်မြင်ဒိဋ္ဌ ဝမ်းမြောက်ဂုဏ်ယူစွာခံယူပြီး ရှေးဦး ဘီးလင်း ကုသိနာရုံ ဆံတော်ရှင်စေတီတော်မြတ်သမိုင်းကို ပြုစုထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ပါသည်။

## စာပြုထက် စာစုခက်

၂။ ကျွန်တော်သည် ဘုရားသမိုင်းများကို ပြုစုရေးသားရာတွင် တိမ်မြုပ်နေသည့် သမိုင်းကြောင်းကို ထုတ်ဖော်လျက် ပစ္စက္ခတိုးတက် ဖြစ်ထွန်းမှုကို ဆက်စပ်ပြီး အနာဂတ်အတွက် သမိုင်းမှတ်တမ်းများ အဖြစ် တည်ရှိစေရန်လည်းကောင်း၊ လေ့လာဖတ်ရှုသူတို့အတွက်လည်း စေတနာရှိုးစား၊ သဒ္ဓါတိုးစား၊ သံသရာအကျိုးစားများ ဖြစ်စေလိုသော စိတ်စေတနာဖြင့်လည်းကောင်း ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ယခင် ပဲခူးဒေသဝန်းကျင်ရှိ ဘုရားသမိုင်းများကို ရေးသားခဲ့ခြင်းဖြစ်၍ အခက် အခဲ မရှိခဲ့သော်လည်း ယခုပြုစုရမည့် ဆံတော်ရှင်ဘုရားများကား မွန်ပြည်နယ်တွင် ရှိနေကြသဖြင့် အရပ်ဒေသအနေဖြင့်သော်လည်း ကောင်း၊ အကြောင်းခြင်းရာအနေဖြင့်သော်လည်းကောင်း များစွာစိမ်း၍ နေခဲ့ပါသည်။ ဤဆံတော်ရှင်ဘုရားများမှာလည်း ဗုဒ္ဓမြတ်စွာ ပွင့်တော် မူစဉ် အတိတ် နှစ် ၂၅၀၀ ကျော်က တည်ရှိခဲ့ကြသည်ဖြစ်၍ ပိဋကတ် စာပေများနှင့် ရေးသာသနာ ယဉ်ကျေးမှုသမိုင်းများအပေါ် အားထား မှီငြမ်းပြုခဲ့ရပါသည်။ ဘုရားအဆွေအမျိုးတို့ဆုံမည့် ကိုးသထုံမှအစပြု၍ ဝင်ကိုးဝင်အပါအဝင် သုဝဏ္ဏဘူမိဆိုင်ရာ သမိုင်းအခြေခံများကို လေ့လာ ရပါသည်။ ဘာသန္တရ၊ ဒေသန္တရဗဟုသုတများကိုလည်း ဆည်းပူး ရှာမှီးရပါသည်။ "စာပြုထက်၊ စာစုခက်"ဟူသော အဆိုအမိန့်အတိုင်း သုဝဏ္ဏဘူမိရှိ ဘုရားရှင်ဆံတော်များနှင့် စပ်ဆိုင်သော သမိုင်းမှတ်တမ်း များကို ခက်ခဲစွာ ရှာဖွေလေ့လာခဲ့ရပေသည်။

## ကတညုတ ကတဝေဒီ

၃။ ဤဆင်ကောသမဟာစာတုဝင် ဇင်းကျိုက်ဆံတော်ရှင် ဘုရားသမိုင်းကို တိုတောင်းသောကာလအတွင်း ပြုစုနိုင်ရန်အတွက် အဘက်ဘက်က အကူအညီပေးခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ ကျေးဇူးတရားသည် လွန်စွာ တန်ဖိုးရှိလှပါသည်။ သို့ဖြစ်၍ ထိုသူတို့၏ ကျေးဇူးတရားများကို ကတညုတ၊ ကတဝေဒီ မင်္ဂလာနှင့်အညီ ထုတ်ဖော်ပြောကြားရန် တာဝန်ရှိလာပါသည်။ ဦးစွာ ကျေးဇူးတင်ရသည့် ပုဂ္ဂိုလ်ကား ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဦးလှပင် ဖြစ်သည်။ ဤသမိုင်းအတွက် လိုအပ်သော ရနိုင်သမျှ စာအုပ်စာတမ်းများကို ကိုယ်တိုင်ရှာဖွေ၍ ပေးခဲ့လေသည်။ လေ့လာသိရှိသမျှ မခြွင်းမချန်ပြောပြသည်။ စာမူများအပေါ် ဆွေးနွေး အကြံပေးသည်။ ရေးသားပြုစုပြီး စာမူကြမ်းများကို စိတ်ရှည်လက်ရှည် စိစစ်တည်းဖြတ် ပြင်ဆင်ပေးရုံမျှမက ကျိုက်ထီးဆောင်း ဆရာတော် ဘုရားနှင့် ညှိနှိုင်းပြီး ပြုပြင်ပေးခဲ့သည်။ တစ်ဖန် ရှေးဟောင်းသုတေသီ ဦးထွန်းရီ (Visiting Researcher Archi University, Machihata. Japan)၏ စာအုပ်စာတမ်းများကလည်း ကြီးမားစွာ အထောက်အကူ ဖြစ်စေခဲ့သည်။ သုဓမ္မဝတီရာဇဝံသ မွန်ရာဇဝင်ကြီးကို ဘာသာပြန်၍ ဆွေးနွေးအကြံပေးခဲ့သည်။ ပဲခူးမြို့ သုဓကာရီ မွန်ကျောင်းဆရာတော် အရှင်ကောသလ္လ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ မဟာဝိဇ္ဇာ) ပါဠိ ဘာသာကထိက၊ နာလန္ဒတက္ကသိုလ် (အိန္ဒိယ)အား လည်းကောင်း၊ သထုံ ဂေဇက်တီးယား မုတ္တမ ၃၂မြို့ စစ်တမ်းများနှင့် လိုအပ်သော ရှားပါးစာအုပ်စာတမ်းများကို စေတနာအပြည့်ဖြင့် အကူအညီပေးခဲ့ သည့် ရန်ကုန်တက္ကသိုလ် သမိုင်းသုတေသနဌာနမှ ဆရာဦးသိန်းလှိုင်

(ဒု-ညွှန်မှူး)နှင့် ဦးစံဝင်း (သုတေသနမှူး)တို့အားလည်းကောင်း၊ မွန်ရာဇဝင်ကြီးနှင့် ဆံတော်ရှင်ဘုရားများ ပြုပြင်တည်ဆောက်မှု မှတ်တမ်းများကို လေ့လာဖတ်ရှုခွင့်ပြုခဲ့သည့် ဦးပြည်ဟိန်း (သာသနာရေးဦးစီးဌာန)အား လည်းကောင်း အထူးပင် ကျေးဇူးတင်ရပေမည်။ ဤသို့သော ပံ့ပိုးကူညီမှုများသာ မရရှိခဲ့ပါက ဤမျှတိုတောင်းသော ကာလအတွင်း ယခုကဲ့သို့သော သမိုင်းတစ်စောင်တစ်ဖွဲ့အနေ ပေါ်ထွန်းလာနိုင်မည်ဟု မမြင်ပါ။ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးတရားကားအထူးပင် ကြီးမားလှသဖြင့် မှတ်တမ်းတင် ဖော်ပြ ဂုဏ်ပြုအပ်ပေသည်။

## ကျမ်းကြည့်ထက် ကျမ်းညှိခက်

၄။ ထိုထိုသော စာအုပ်စာတမ်း၊ သမိုင်းမှတ်တမ်းများ လက်ဝယ်သို့ရောက်ရှိလာသောအခါ နောက်အခက်အခဲတစ်ရပ်ကို ရင်ဆိုင်ရပြန်ပါသည်။ မွန်ရာဇဝင်၊ မြန်မာရာဇဝင်၊ သာသနာလင်္ကာရ၊ မွန်ကျောက်စာများနှင့် ပုံနှိပ်ပြီး ဘုရားသမိုင်းများမှာ တစ်စောင်နှင့်တစ်စောင်၊ တစ်မူနှင့်တစ်မူ အမြင်မတူ၊ အယူကွဲပြားနေကြသည်ကို တွေ့ရပြန်သည်။ အချို့သောအယူအဆတို့မှာ ဆန့်ကျင်ကွဲလွဲလျက်ရှိသည်။ မတူသောအယူ ကွဲလွဲသောအချက်တို့အတွက် ညှိနှိုင်းယူရပါသည်။ ထိုအရပ်ဒေသများသို့ ကွင်းဆင်းလေ့လာခဲ့ရသည်။ ကျိုက်ထီးဆောင်းဆရာတော် အရှင်သူမြတ်အား မရှင်းလင်းသည့်အချက်များကို ဓမ္မပလ္လင်တွင် လျှောက်ထားရပါသည်။ ဤသို့အားဖြင့် မတူသောအယူ ကွဲလွဲသောအမြင် ခြားနားသောအချက်များအတွက် ကျေးဇူးတော်ရှင် ပဲခူးမြို့မဆရာတော်ဘုရားကြီး မိန့်မှာခဲ့ဖူးသည့် "ဘုရားသမိုင်းများပြုစု

ရာတွင် ရေးကရှိရင်းစွဲ သဒ္ဒါစေတနာကို မဆွန့်ပါးပါစေနှင့်” နောက် “တစ်ကျမ်းတွေ့နှင့် လွေ့လွေ့လျှမ်းလျှမ်း နှုတ်မသရမ်းနှင့်”ဟူသော အဆုံးအမကို အလေးဂရုပြုလျက် သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ သာဓကယုတ္တိရှိရာကိုယူပြီး သတိသမ္ပဇဉ်ဖြင့် ဆင်ခြင် ရေးသားခဲ့ရ ပါသည်။ ကုသိနာရုံဘုရားသမိုင်းမှာ နှစ်လအတွင်း ဒုတိယအကြိမ် ပြန်၍ရိုက်ကာ အုပ်ရေ–၇၀၀၀ ပုံနှိပ်ထုတ်ဝေခဲ့ရသည်ဟူသော မင်္ဂလာ သတင်းကို ကြားရသည်တွင် ပီတိသောမနဿ ဖြစ်ခဲ့ရပေသည်။

## လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်

၅။ အချုပ်အားဖြင့် ဆိုရပါမူ ဤဆကေသမဟာဓာတုဝင် ဇင်းကျိုက်ဆံတော်ရှင် ဘုရားသမိုင်းသည် အနန္တငါးပါးဂုဏ်အင်ကို ယုံကြည် မြတ်နိုး ရှိခိုးရသည့်အကျိုး၊ ဇင်းကျိုက်ဆံတော်ရှင်မြတ်အား ဖူးမြော် ကြည်ညိုရသည့်တန်ခိုး၊ သာသနာပြု ကျိုက်ထီးဆောင်း ဆရာတော် အရှင်သူမြတ်၏ ဘုန်းရိပ်ကို ခိုလှုံပြီး ဝန်ကြီး ဒုတိယမိုလ်ချုပ်ကြီး ဦးလှ၏ အစစ လိုအပ်သမျှ ကူညီမှုကို ပြည့်ဝစွာ ခံယူရရှိခဲ့ခြင်းအကျိုး စသောအကြောင်းပေါင်းစုံဆုံဆည်းမှုတို့ကြောင့် ယခုကဲ့သို့ တိုတောင်းလှ သည့် ကာလအတွင်း သမိုင်းတစ်စောင်တစ်ဖွဲ့အနေ ပေါ်ထွန်းလာရခြင်း ဖြစ်ပါသည်။ ဤဘုရားသမိုင်းသည် ပုံနှိပ်ပြီး ကျမ်းတစ်ဆူအနေ မရှိခဲ့သေးသည်ဖြစ်၍ ကောက်သင်းကောက် စုစည်းပြုစုရခြင်းဖြစ်ပေ ရာ လိုအပ်ချက်များ ရှိကောင်းရှိမည် ဖြစ်ပါသည်။ သုတဝေရီ သုတ စာဂီတို့အနေဖြင့် “လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်၊ သုတ်သင်ကာမျှ အလွယ်ရ”ဟူသော မိန့်မှာချက်ကို ခံယူပြီး လိုအပ်ချက်များကို

ပြင်ဆင်ဖြည့်စွမ်းသွားရမည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤဇင်းကျိုက် ဆံတော်ရှင် ဘုရားသမိုင်းကို ဖတ်ရှုသူတို့အနေဖြင့် ဗုဒ္ဓမြတ်စွာ ဘုရားရှင် ဗျာဒိတ်အလိုတော်နှင့်အညီ ဘုရားအဆွေအမျိုးတို့ ဗုဒ္ဓ မြတ်စွာဆံတော်ဓာတ်ကိန်းဝပ်စံပယ်ရာ ဤဇင်းကျိုက်စေတီတော် အမြတ်ဌာနတွင် စိတ်စေတနာ၊ သဒ္ဓါတရား ထက်သန်ဖြူစင်စွာဖြင့် ဒါနပန်း ဆင်မြန်း ပြီး မြတ်သော မဂ်လမ်းကို လက်လှမ်းနိုင်ကြပါစေ၊ လွတ်လမ်းကိုထွင်၍ ကျွတ်တမ်းကိုဝင်နိုင်ကြပါစေဟု ရည်သန်ကာ ပတ္ထနာပြု ဆုတောင်း သမှု ပြုအပ်ပေသည်။

**မောင်စေတနာ**

၁၃၅၈–ခုနှစ် သီတင်းကျွတ်လပြည့်နေ့

## နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဦးလှမြင့်

# ဥယျောဇဉ်

၁။ ကျွန်တော်သည် ၁၉၅၉–ခုနှစ်မှစ၍ ဇင်းကျိုက်တောင်ခြေက မီးရထားဖြင့်လည်းကောင်း၊ မော်တော်ယာဉ်ဖြင့်လည်းကောင်း ၁၉၉၃–ခုနှစ် အထိ အကြိမ်ပေါင်းများစွာ ကပ်ကျော်သွားဖူးပါသည်။ ဇင်းကျိုက်တောင်ပေါ်ရှိ ဆံတော်ရှင်စေတီကို စိတ်ဝင်စားမှုလည်း မရှိပါ။ ယောင်၍ပင် တောင်ပေါ်သို့ တက်ရောက်ဖူးမြော်ရန်လည်း စိတ်မဝင်စားမိပါ။ လူတချို့ ပြောဆိုလေ့ရှိသလို **"ပဋ္ဌာန်းဆက်မှန်လျှင် တစ်နေ့မဟုတ်တစ်နေ့ တက်ရောက်ဖူးမြော်ရလိမ့်မည်"**ဟု ဆိုခြင်းကိုလည်း ယုံကြည်မှုမရှိပါ။ မှန်ရာကို ဝန်ခံပါသည်။ သို့သော် ၁၉၉၄–ခုနှစ် ဧပြီလသို့ ရောက်လာသောအခါ ကျွန်တော်သည် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ မမျှော်လင့်ဘဲ ကျိုက်ထီးဆောင်းဆရာတော်ဘုရား၏ ဦးဆောင်မှုဖြင့် ဇင်းကျိုက်တောင်ပေါ်တွင် ကျင်းပလျက်ရှိသော စိန်ဖူးတော်၊ ထီးတော်တင်လှူပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရပါသည်။ ဇင်းကျိုက်ဆံတော်ရှင် ဘုရားရင်ပြင်ပေါ်သို့ ရောက်သည့်အခါ အေးမြ

ခြင်း၊ ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံး ရှုမဝအောင် သာယာလှပနေခြင်း၊ မြင်မြင်သမျှ အံ့ဖွယ်လီလီဖြစ်နေခြင်း၊ ဘုရားဝန်းကျင်တစ်ခုလုံးတွင် ချစ်ချစ်တောက်နေပူနေသော်လည်း ဘုရားရင်ပြင်နှင့်အနီးတစ်ဝိုက်တွင် နေလုံးဝမပူခြင်း၊ ထီးတော်၊ စိန်ဖူးတော်တင်ပြီးရွှေမိုး၊ ငွေမိုး ရွာသွန်းရာ၌ မိမိတို့ရွာသွန်းခဲ့သောငွေများ အပေါ်သို့အားလုံးလွင့်တက်သွားပြီး (၁၀)မိုင်ပတ်လည်သို့ ကျရောက်သွားခြင်း၊ တောင်ထွတ်ရင်ပြင်ကျဉ်းသော်လည်း လူတက်သမျှဆံ့ခြင်း၊ ရွှေမိုး၊ ငွေမိုး ရွာသွန်းရာ၌ လွင့်ပါသွားသော ငွေများကို အလုအယက်လိုက်လံ ကောက်ခံရင်း တောင်ပေါ်မှ လိမ့်ကျသွားကြသူများ ရှိသော်လည်း တစ်စုံတစ်ရာ ထိခိုက်အနာတရဖြစ်သူ မရှိခြင်းတို့သည် အံ့ကိုးပါးတွင် တစ်ပါးပါဝင်ပါသည်။ ဘုရားရင်ပြင်ပေါ်၌ အေးမြပြီးသန့်ရှင်းလတ်ဆတ်သောလေကို ရှူရ၍ မိမိ ယခင်က စားမည်၊ သောက်မည်၊ ပျော်ပျော်နေမည်၊ ပေးအပ်သောတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်မည်ဆိုသည့် အယူအဆများ မှားနေပြီဟု အသိများဝင်ရောက်လာပါသည်။ ဤကဲ့သို့ မိမိစိတ်အတွင်း၌ အသိများ ဖြစ်ပေါ်နေချိန်တွင် ကျိုက်ထီးဆောင်းဆရာတော်ဘုရား၏ မွေ့ဩဝါဒများနာကြားရပြီး မိမိသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတစ်ဦး ဖြစ်ပါလျက်သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာနှင့် သာသနာသုံးရပ်ကိုမသိသေးပါလားဟူ၍ နောင်တကြီးစွာ ရမိပါသည်။ ထို့ကြောင့်လည်းအတွေးပေါင်းများစွာဖြင့် ဘုရားတောင်ပေါ်မှ ဆင်းလာခဲ့ပါသည်။

၂။ ကျွန်တော်သည် အတွေးပေါင်းများစွာနှင့် ဇင်းကျိုက်ဆံတော်ရှင်ဘုရား တောင်ပေါ်မှ ဆင်းလာပြီး ဇင်းကျိုက်ဆံတော်ရှင်စေတီနှင့်

ပြုပြင်ရန်ရှိသည်များကို ပြုပြင်ပြီး ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း ၂၅၀၀ သာသနာမှ ၅၀၀၀ သာသနာအတွက်လည်းကောင်း၊ နောင်လာ နောက်သားများ သိရှိစေရန်အတွက်လည်းကောင်း ဤဆံတော်ရှင် စေတီဘုရားသမိုင်းကို သမိုင်းနောက်ဆက်တွဲအဖြစ် ရေးသားမည်ဟု ဆန္ဒဖြစ်ပေါ်၍လာခဲ့ပါသည်။ ထိုအကြောင်းကြောင့်လည်း ရှေးရှေးက ဤဆံတော်ရှင်စေတီကို ဆက်ခံပြုပြင် ထိန်းသိမ်းလာခဲ့ကြသူများ ရေးသားထားခဲ့သည့် သမိုင်းမှတ်တမ်း ရှိမရှိကို ဦးစွာ ကြိုးစားရှာဖွေ ခဲ့ပါသည်။ နှစ်ပေါင်း ၂၆၀၀ နီးပါး တည်ရှိခဲ့သော ဤဇင်းကျိုက် ဆံတော်ရှင် ဘုရားသမိုင်းမှတ်တမ်းကို ရေးသားထားခြင်း မရှိသဖြင့် အခက်အခဲပေါင်းများစွာ ကြုံခဲ့ရပါသည်။ ထို့ကြောင့်လည်း ရနိုင်သမျှ သော အထောက်အထားများကို ရှာဖွေရေးသားရန် မိမိက စာရေးဆရာ မောင်စေတနာကို တာပန်ပေး စေခိုင်းခဲ့ပါသည်။ ထို့ပြင် မိမိကိုယ်တိုင် ကလည်း ရနိုင်သမျှသော အထောက်အထားများကို ရှာဖွေပေး၍ ကူညီခဲ့ပါသည်။ ရေးသားပြီးသမိုင်းကို မိမိအား တည်းဖြတ်ရန် ပေးအပ်လာသောအခါ မိမိနှင့် ကျိုက်ထီးဆောင်းဆရာတော် အရှင် သူမြတ်တို့ ညှိနှိုင်းတည်းဖြတ်ပေးခဲ့ပါသည်။ ဂန္ထဝင်မြောက် သမိုင်း တစ်ဆူအနေ မမှတ်ယူလိုသော်လည်း မဖြစ်ပေါ်သေးသည့် ဘုရားသမိုင်း တစ်စောင်ဖြစ်၍ သုတဝေဒီ၊ သုတစာဂီ ပုဂ္ဂိုလ်တို့အတွက် အကျိုးများ မည်ဟု ယုံကြည်ပါသည်။ မိမိသည်လည်း ဘုရားတောင်ပေါ်သို့ နှစ်စဉ်လိုလို တစ်နှစ်လျှင် တစ်ကြိမ်ထက်မနည်း ရောက်နေရပြီဖြစ်၍ "ပဋ္ဌာန်းဆက်မှန်က ရောက်ရမည်"ဆိုခြင်းကို အကြွင်းမဲ့ လက်ခံ ကြောင်း ဝန်ခံရပါသည်။

၃။ ကျွန်တော် တစ်ချိန်က ကြားနာဖူးသည်မှာ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက "ဂါမဝါသီ" ပုဂ္ဂိုလ် သူတော်စင်များ နှင့် "အရညဝါသီ" ပုဂ္ဂိုလ် သူတော်စင်များဟူ၍ ခွဲခြားရှိခဲ့ကြောင်း၊ **ဂါမဝါသီ** ပုဂ္ဂိုလ် သူတော်စင်များသည် ရပ်ရွာအတွင်း မှီတင်းနေထိုင် ကြသောကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရန် ခက်ခဲကြောင်း ဟူ၍ လည်းကောင်း၊ **"အရညဝါသီ"**ပုဂ္ဂိုလ် သူတော်စင်များသည် မဟာဝင် လမ်းကြောင်း၊ တောတောင်၊ လျိုမြောင်၊ ဂနိုင်စိမ့်စမ်း၊ ရေတံခွန်စခန်း များ၌ နေထိုင်ကြ၍ ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်သူများ ဖြစ်ခြင်းကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဈာန်အဘိညာဉ် ရလွယ်ကြောင်း ဟူ၍ လည်းကောင်း ကြားသိမှတ်သားဖူးပါသည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘုရားရှင် ရာမညတိုင်း သုဝဏ္ဏဘူမိမြေသို့ ဒေသစာရီ ကြွချီတော် မူလာစဉ်က ဂါမဝါသီနှင့် အရညဝါသီပုဂ္ဂိုလ် သူတော်စင်တို့၏ အကျင့်စရိုက်ကိုလိုက်၍ ခွဲခြားကာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဈာန် အဘိညာဉ်ရ အရညဝါသီပုဂ္ဂိုလ် သူတော်စင်ရသေ့ကြီး (ခြောက်ပါး) တို့အား ဥဇင်းကျိုက်ဆံတော်ရှင် အပါအဝင် ဆံကေသမဟာဓာတု ဝင် ဆံတော်ရှင် (ခြောက်ဆူ)ကို အမွေ ပေးသနားတော်မူခဲ့ကြောင်း လေ့လာသိရှိမိပါသည်။

၄။ ဗုဒ္ဓဘုရားရှင်က မဟာကရုဏာတော်ဟု ဆိုအပ်သော ဘုန်းတော်၊ ကံတော်၊ ဈာန်တော်၊ ဉာဏ်တော်၊ တန်ခိုးတော်များဖြင့် နှစဉ်ဘာပပေါင်း ၅၀၀ – အတွင်းက တော်စပ်ခဲ့ဖူးသော ဆွေတော်၊ မျိုးတော်ပေါင်း များစွာထဲက ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ တရားမရ၊ ကျွတ်တမ်းမဝင်နိုင်သေးသူများကို သနားငဲ့ကွက်တော်မူ၍ လည်း

ကောင်း၊ တပဿဓာန-ဈာန်အဘိညာဉ်ရ ရသေ့ကြီး (ခြောက်ပါး) တို့၏ နေထိုင်ရာအရပ်တွင် သာသနာ အရှည်တည်ထွန်းနေမည်ကို မြင်တော်မူ၍ ဆံတော်(ခြောက်ဆူ) ပေးသနားတော်မူခဲ့ပါသည်။ ဤဆံတော်ရှင်(ခြောက်ဆူ)သည် **"သဇီဝ"** ဘုရားရှင် အသက်ထင်ရှားရှိသည့်အလားသို့ ဤဆံတော်ရှင် သာသနာနှင့် ကြုံကြိုက်၍ တရားရပြီး ကျွတ်တမ်းဝင်ကြစေရန် ဗျာဒိတ်တော်ထား ပေးသနားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဤဆံတော်ရှင် (ခြောက်ဆူ) ကို **"ဆကေသ မဟာဓာတုဝင်"** ဆံတော်ရှင်များဟုလည်း ခေါ်ကြပါသည် ထိုဆံတော်ရှင် (ခြောက်ဆူ)သည် **"သဇီဝ မဟာဓာတုဝင်"** ဆံတော်ရှင်များလည်းဖြစ်သောကြောင့် ဤဆံတော်ရှင်(ခြောက်ဆူ) သည် သာသနာဝင်၊ မဟာဝင်၊ ကေသဝင်၊ ဓာတုဝင်၊ ထေရ်ရဝင်၊ ဂန္ထဝင်၊ အနာဂတဝင်၊ ရာဇဝင်၊ ဗျာဒိတ်ဝင်အဖြစ် (ကိုး)နဝင်းကျေပြီး (ကိုး)ပါးဂုဏ်လည်း မြောက်ပါသည်။

၅။ ဘုရားရှင် ဆံတော်အမွေ ပေးသနားတော်မူခဲ့သော ရသေ့ကြီး (ခြောက်ပါး)တွင် ဇင်းကျိုက်တောင်မှ ဈာန်အဘိညာဉ်ရ တိဿကုမာရ ရသေ့ကြီးလည်း ပါဝင်ပါသည်။ ရသေ့ကြီးသည် မိမိရရှိခဲ့သော ဆံတော်ကို လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့ ကိုးကွယ်နိုင်ရန်အတွက် ယင်းနေထိုင်ရာ ဇင်းကျိုက်တောင်ထွတ်ပေါ်၌ ဆံတော်ကို ဌာပနာသွင်းကာ စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့ပါသည်။ ဤဆံတော်ရှင် ကိန်းဝပ်ခညောင်းရာ ဌာနေဇင်းကျိုက်တောင်နယ်မြေသည် ကံဝိဇ္ဇာ၊ ဉာဏ်ဝိဇ္ဇာ၊ ဈာန်ဝိဇ္ဇာများ ပေါ်ထွန်းခဲ့သော နယ်မြေလည်း ဖြစ်ပါသည်။ ထို့အတူ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပဿီတို့လည်း အဆက်မပြတ် ခိုမှီး

နေထိုင်ခဲ့ကြသည်ဟု မှန်မြန်မာ ရာဇဝင် ကျောက်စာများအရ သိရပါသည်။

၆။ ဇင်းကျိုက်ဆံတော်ရှင် ဘုရားစေတီသည် ဘားကိုးဘား အကြောင်းခံ၍ ပဋ္ဌာန်းဆက်များ အမှန်ရှိခဲ့ပါသည်။ ထို့အတူ တောင်ကိုးတောင်၊ အောင်ကိုးအောင်၊ ခေါင်ကိုးခေါင်ဟူ၍လည်း ရှိသေးကြောင်း သိရပါသည်။ ထိုအကြောင်းများကိုမသိ၍ ကျိုက်ထီးဆောင်းဆရာတော်အား လျှောက်ထားတောင်းပန်ရာ ဆရာတော်က ဘုရားရှင်တွင် နဝင်းဂုဏ်ကိုးပါးရှိကြောင်း၊ ထိုပုဂ္ဂိုလ်များတွင်လည်း ညီမျှသော ဂုဏ်ကိုးပါးစီ ရှိကြကြောင်း၊ ဥပမာ–ဘားကိုးဘား ဆိုသည်မှာ လောကီကံပညာ၊ လောကီဈာန်ပညာ၊ လောကုတ္တရာဉာဏ်ပညာ စသည်တို့ဖြစ်ကြောင်း သိရှိခဲ့ပါသည်။ ထို့အပြင် ဇင်းကျိုက်ဆံတော်ရှင်စေတီသည် ကိုးနဝင်းဂုဏ်မြောက်၍ ဘားမဲ့ပဋ္ဌာန်းဆက်ဖြစ်သော ဝိဇ္ဇာညီနောင် (ဗျတ်ဝိ၊ ဗျတ္တ)ဘုရား စေတီသည်လည်း တည်ရှိနေပါသည်။ ဘားမဲ့ဆရာတော်ဘုရားကြီး၏ အောင်မြေ၊ အောင်သိဒ္ဓိကုန်း၊ ဂူစခန်းများလည်း ယနေ့တိုင် ရှိနေပါသည်။ ဆံတော်ရှင် ခညောင်းရာ ဇင်းကျိုက်တောင်မှာ မဟာမြိုင်ဆရာတော်ကြီးသည်လည်း အဓိဋ္ဌာန်ကမ္မဋ္ဌာန်းဝင်ပြီး စန္ဒာသူရိယဘွဲ့ကို ရယူခဲ့ကြောင်း သိရပါသည်။ ထိုထိုသောအကြောင်းတို့သည် ဝိဇ္ဇာ ဉာဏ်ပညာဖြင့် ကြည့်ပါမှ သိရမည် ဖြစ်ပါသည်။ ယခုအခါ မြေမဟီတွင် ရွှေဇင်းကျိုက် ဆံတော်ရှင်စေတီ ပေါ်ထွန်းလာခဲ့ပြီး ဖြစ်ပါသည်။ ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း (၂၅၀၀)သာသနာမှ (၅၀၀၀)သာသနာတည်မည့် သိကြားမင်းစောင့်ရှောက်ရသည့်ချိန်ခါသို့လည်း ရောက်လာပြီ ဖြစ်ပါသည်။

၇။ ရှေးဆိုစကား ကြားခဲ့ဖူးသည်မှာ အရှေ့နေထွက် ကိုးနဝင်းမှာ ဇင်းကျိုက်ဆံတော်ရှင်စေတီဘုရားဖြစ်ပြီး အနောက်နေဝင် ကိုးနဝင်း

မှာ ပုပ္ပါးတောင်ဖြစ်သည်ဟု အဆိုရှိပါသည်။ ထို့အတူ အရှေ့နေထွက် ဓွဲကပင်ဆံတော်ရှင်စေတီဘုရား စိန်ဖူးတော် အရိပ်ကျရာနှင့် အနောက်နေဝင် ဇင်းကျိုက်ဆံတော်ရှင်စေတီဘုရား စိန်ဖူးတော် အရိပ်ကျရာတို့၏ ဆုံရပ်တွင် ကြက်မတစ်ဝပ်စာကွာနေသဖြင့် ထိုအရပ်ရှိ ကျုံဖရဲရွာ၌ ရိပ်ကျစေတီဘုရား တည်ထားကြသည်ဟု ဆိုပါသည်။ ထိုရိပ်ကျစေတီဘုရားမှာ ယခုတိုင် တည်ရှိနေပါသည်။ ထို့ပြင် တစ်နည်းဆိုရလျှင် ဤ**ဆကေသမဟာဓာတုဝင် ဇင်းကျိုက်ဆံတော်ရှင်စေတီ**သည် တိမ်ယံကြား ဘွားခနဲ ပေါ်ပေါက်လာသည့်အခါ တာဝတိံသာမှ စူဠာမုနိစေတီကို ဖူးမြင်ရဘိသကဲ့သို့ လွန်စွာ ပီတိဖြစ်ရပါသည်။ ရောက်ဖူး မြင်ဖူး ကိုယ်တိုင်ကြုံဖူးမှ သိရပါမည်။ ထိုအကြောင်းတို့ကြောင့် ဤဇင်းကျိုက်ဆံတော်ရှင်သမိုင်းကို ဖတ်ရခြင်းအားဖြင့် ကိုးနဝင်းကျေ ကိုးပါးဂုဏ်မြောက်ပါသည်။ ဤဆံတော်ရှင်စေတီဘုရားကို ဆက်ခံပြုပြင် ထိန်းသိမ်းခြင်းဖြင့် ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ (၂၅၀၀)သာသနာမှ (၅၀၀၀)သာသနာအထိ တည်နေမည်ဖြစ်ပြီး သဒ္ဓါကြည်ဖြူ ဖူးထိုက်သူများ လွယ်ကူစွာ တက်ရောက်ဖူးမြော်နိုင်ကြပြီဖြစ်၍ ဤဆံတော်ရှင် သာသနာအတွင်း ကျွတ်တမ်းဝင်နိုင်ကြပါစေဟု ဆန္ဒပြု တိုက်တွန်းအပ်ပါသည်။

**ဦးလှ**
ဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

မြန်မာသက္ကရာဇ် ၁၃၅၈–ခုနှစ် တော်သလင်းလဆန်း ၆ ရက်
ခရစ်သက္ကရာဇ် ၁၉၉၆–ခုနှစ် စက်တင်ဘာလ ၁၈ ရက်

ပဉ္စဂုဏ် အဟံဝန္ဒာမိ သဗ္ဗဒါ

# ဆင်ကောသ မဟာစာတုဝင်

# ဇင်းကျိုက် ဆံတော်ရှင်ဘုရားသမိုင်း

## သထုံမြို့အနီးမှ သုဗ္ဗိန္နနာဂရမြို့တော်

၁။ မဇ္ဈိမဒေသ၌ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မမူမီကပင် သထုံမြို့ အနီးတွင် သုဗ္ဗိန္နနာဂရ သာသနာ့အောင်မြေဟူ၍ တည်ရှိခဲ့ပါသည်။ ထို့အတူ အထက်မြန်မာပြည်ရှိ ရွှေဘိုတွင်လည်း ရာဇအောင်မြေဟူ၍ ရှိခဲ့ပါသည်။ သုဗ္ဗိန္နနာဂရမြို့ကို တိဿဓမ္မမင်းကြီးနှင့် သီရိကပ္ပါ မိဖုရားကြီးတို့က စိုးမိုးအုပ်ချုပ်ခဲ့ကြသည်။ တိဿဓမ္မမင်းကြီးသည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်လေသောကြောင့် တိုင်းပြည်အေးချမ်း သာယာပြီး ဝပြောစည်ပင်ခဲ့လေသည်။ တိဿဓမ္မမင်းကြီးနှင့် သီရိကပ္ပါမိဖုရားကြီးတို့တွင် သားတော်နှစ်ပါး ဖွားမြင် ထွန်းကား ခဲ့သည်။ သားတော်အကြီးမှာ ခမည်းတော်မင်းကြီးနှင့် ခွဲမရအောင်တူ၍ ဖခမည်းတော်၏ အမည်အတိုင်း တိဿကုမာရဟု မှည့်ခေါ်ပြီး သားတော်အငယ်၏ ခြေဖဝါးအောက် နှစ်ဖက်တွင် ခြင်္သေ့ရုပ်စုံ စက်လက္ခဏာပါသောကြောင့် သီဟကုမာရဟု မှည့်ခေါ်ခဲ့ကြသည်။ ညီနောင်နှစ်ပါးတို့သည် တစ်ဦးကိုတစ်ဦး လွန်စွာ ချစ်ခင်ကြပြီး

မင်းသားတို့၏ အဆောင်အယောင် စည်းစိမ်ချမ်းသာဖြင့် ကြီးပြင်းလာခဲ့ကြရသည်။ နောင်တော် တိဿကုမာရ သက်တော် (၂၂)နှစ်၊ ညီတော် သီဟကုမာရ သက်တော်(၂၀)သို့ ရောက်သောအခါ ဘဝပါရမီရင့်သန်မှုကြောင့် သတ္တဝါတို့၏ ဇာတိ၊ ဇရာဗျာဓိ၊ မရဏတည်းဟူသော ဒုက္ခပြင်ကျယ် မြစ်ပင်လယ်တွင် ပင်ပန်းကြီးစွာ ကူးခပ်နေကြရသည်ကို သိမြင်ဆင်ခြင်မိ၍ ကြီးစွာသော သတိသံဝေဂတရားရကြသဖြင့် ထိုဘဝမှ လွတ်မြောက်ပြီး ကံချမ်းသာကိုရလိုသော ဆန္ဒ ပြင်းပြလာကြသောကြောင့် တောထွက် ရသေ့ ရဟန်းပြုကာ တရားဘာဝနာ ပွားများအားထုတ်ရန် အရေး ခမည်းတော်နှင့် မယ်တော်တို့ထံပါး ချဉ်းကပ်လျှောက်ထား ခွင့်ပန်ကြားလေသည်။

## မင်းသားနှစ်ပါး တောထွက်ခြင်း

၂။ မင်းသားညီနောင်နှစ်ပါးတို့ တောထွက် ရသေ့ရဟန်းပြုပြီး တရားဘာဝနာ ပွားများအားထုတ်ရန် ခွင့်ပန် လျှောက်ထားမှုကို ပူပန်ခြင်းကြီးစွာဖြင့် ခမည်းတော်နှင့် မယ်တော်တို့မှာ ခွင့်ပြုလိုက်ကြရပေသည်။ သားတော်တို့လည်း ခွင့်ပြုချက်ရသည်နှင့် ခမည်းတော် မယ်တော်တို့ကို ရိုသေစွာ ကန်တော့ပြီး လက်ရှိ သထုံမြို့တောင်ဘက် ၁၈ မိုင်အကွာရှိ ဂဠာဂီရိ (ဇင်းကျိုက်)တောင်သို့ တောထွက် ခဲ့ကြသည်။ ထိုတောင်သို့ ရောက်ရှိကြသောအခါ ကျောင်းသခ်မ်းငယ် တစ်ဆောင် ဆောက်လုပ်ကာ ရသေ့အသွင် ဝတ်ဆင်လျက် ကမ္မဋ္ဌာန်း ဘာဝနာ ပွားများအားထုတ် နေထိုင်ကြလေသည်။ ထိုသို့ နေထိုင်ကြရာတွင် အလွန်နက်သော တောကြီးထဲ၌ ညီနောင်နှစ်ပါးတည်းသာ ရှိခြင်း၊ မင်းသားတို့မှာ ငယ်စဉ်ဘဝတည်းကပင် အလွန်ချစ်ခင်ကြသောကြောင့် အချိန်ရှိသရွေ့ ညီနောင်နှစ်ပါးတို့သည် တရားစကားများကိုသာ

ဆွေးနွေးနေကြသဖြင့် ကာလရှည်ကြာသော်လည်း တရားထူးမရကြသဖြင့် ညီနောင်နှစ်ပါး တိုင်ပင်ပြီး တစ်ဦးစီ သီးခြားနေထိုင်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ နောင်တော် တိဿကုမာရ ရသေ့သည် ဂဇ္ဇာဂီရိ (ခေါ်) မဇ္ဇာဂီရိ(ဇင်းကျိုက်)တောင်တွင် နေခဲ့ပြီး၊ ညီတော် သီဟကုမာရ ရသေ့သည် ဂဇ္ဇာဂီရိ(ဇင်းကျိုက်)တောင်အရှေ့ မိုင် ၃၀ခန့် ဝေးကွာသော သံလွင်မြစ် တစ်ဖက်ကမ်းရှိ ဇဗ္ဗဝဂီရိ (ဇွဲကပင်)တောင်သို့ သွားရောက်ပြီး ကျောင်းသခ်မ်းငယ် တစ်ဆောင် ဆောက်လုပ်နေထိုင်ခဲ့လေသည်။ အကြောင်းကြီးငယ်ရှိက မီးအချက်ပြ ဆက်သွယ်ကြရန် ညှိနှိုင်းပြီး သီးခြားစီ နေထိုင်၍ ကမ္မဋ္ဌာန်း ဘာဝနာပွားများ ကြိုးစားအားထုတ်မှုကြောင့် မကြာမီ ကာလအတွင်း လောကီဈာန်ကို ရခဲ့ကြလေသည်။

## နဂါးဥဖွား သတို့သား

၃။ ဂဇ္ဇာဂီရိ(ဇင်းကျိုက်)တောင် အနောက်ဘက် တောင်ခြေနှင့် မနီးမဝေး ပင်လယ်ထဲ၌ သောင်ပတ်လည် ထွန်းသော ကျွန်းတစ်ကျွန်း ရှိသည်။ ထိုကျွန်း၌ သစ်ပင်ပန်းမန်တို့မှာ ရာသီအလိုက် သီးပွင့်ကြသဖြင့် အမြဲစိမ်းလန်းသာယာ လှပလျက် ရှိသည်။ ထို့ကြောင့်လည်း နဂါးမတစ်ဦးသည် မကြာခဏ လာရောက်ပျော်မွေ့ နေထိုင်လေ့ရှိသည်။ တစ်ခါတစ်ရံ လူသားအသွင် ဖန်ဆင်း၍ လှပသည့် မိန်းမပျိုအဖြစ် ဂဇ္ဇာဂီရိ(ဇင်းကျိုက်)တောင်ခြေသို့ လာရောက် ကျက်စား နေထိုင်လေ့ရှိသည်။ ထိုအချိန်က ဟိမဝန္တာတောင်တန်းမှ ဝိဇ္ဇာမိုရ်များလည်း သိဒ္ဓိက္ကဒ္ဒိအလို့ငှာ ဂဇ္ဇာဂီရိ (ဇင်းကျိုက်)တောင်ခြေသို့ မကြာခဏ လာရောက်နေထိုင်ကြသည်။ တစ်နေ့တွင် နဂါးမနှင့် ဝိဇ္ဇာမိုရ်လုလင် တစ်ဦးတို့ တွေ့ဆုံကြကာ ရေးဘဝက အတူပြုခဲ့ဖူးသော ကုသိုလ်

ရေစက်ကြောင့် မေတ္တာသက်ဝင်ချစ်ခင်ကြ၍ အတူတကွ ပေါင်းဖက် နေထိုင်ကြလေသည်။ ထိုကဲ့သို့ နေထိုင်လာရင်း နဂါးမတွင် ပဋိသန္ဓေ စွဲကပ်လာလေသည်။ ထိုအကြောင်းကိုသိသော ဝိဇ္ဇာဓိုရ် လုလင်သည် ဟိမဝန္တာသို့ ပြန်သွား၍ နဂါးမသည်လည်း ဝိဇ္ဇာဓိုရ်နှင့် စွဲကပ်နေသော သန္ဓေသားဥနှစ်လုံးကို ဥချစွန့်ပစ်ကာ နဂါးပြည်သို့ ပြန်သွားလေသည်။

၄။ နဂါးမပြန်သွားပြီး မကြာမီ ဂဇ္ဇာဂီရိ (ဇင်းကျိုက်)နေ တိဿကုမာရ ရသေ့ကြီးသည် ရေကသိုဏ်းရှုရန်အလို့ငှာ တောင်ခြေ ပင်လယ်ကမ်းစပ်သို့ ဆင်းခိုက် အလွန်ထူးဆန်းသော ဥကြီးနှစ်လုံးကို မြင်၍ မိမိကျောင်းသင်္ခမ်းသို့ ဆောင်ယူခဲ့လေသည်။ ကျောင်းသင်္ခမ်းသို့ ရောက်သော် ဗန္ဓဝဂီရိ(ခွဲကပင်)တောင်နေ ညီတော် သီဟကုမာရ ရသေ့ကို မီးဖို အချက်ပြ၍ ခေါ်ယူပြီး ဥတစ်လုံးကို ပေးလေသည်။ ထိုဥကို သီဟကုမာရ ရသေ့ကလည်း ဗန္ဓဝဂီရိ (ခွဲကပင်)တောင်သို့ ယူဆောင်ခဲ့သည်။ မဟာသက္ကရာဇ်(၈၉)ခုနှစ်တွင် ရသေ့ညီနောင်တို့ ကောက်ယူ စောင့်ရှောက်ထားသော ဥတို့မှ သူငယ်တစ်ဦးစီ မွေးဖွား လေသည်။ နဂါးဥဖွား ညီနောင်နှစ်ဖော်တို့၏ ကုသိုလ်၊ ရသေ့မြတ် နှစ်ပါးတို့၏ သီလဂုဏ်ကြောင့် အဓိဋ္ဌာန်ပြုခြင်းဖြင့် လက်ညှိုးမှထွက်သော နို့ရည် တိုက်ကျွေး မွေးမြူခဲ့ကြလေသည်။ တိဿကုမာရ ရသေ့ မွေးမြူသော ကိတ္တိမသားကို သူရိယကုမ္မာ၊ သီဟကုမာရ ရသေ့ မွေးမြူသော ကိတ္တိမသားကို စန္ဒကုမ္မာဟူ၍ မှည့်ခေါ်ခဲ့ကြသည်။ နဂါးဥဖွားညီငယ်သည် (၈)နှစ်အရွယ်သို့ ရောက်သောအခါ ကျောက် ရောဂါဖြင့် ကွယ်လွန်သည်။ တိဿကုမာရ ရသေ့ မွေးမြူသော သူရိယကုမ္မာမှာ နောင်အခါ တိဿဓမ္မသီဟရာဇာ အမည်ဖြင့် မင်းဖြစ်လေသည်။

## နောင်တော် ရွှေနန်းရှင်

၅။ သူရိယကုမ္မာ သတို့သားသည် တိဿကုမာရ ရသေ့ကြီး၏ ကျွေးမွေးပြုစုမှုကြောင့် ချမ်းသာစွာ ကြီးပြင်းလာခဲ့ရာ သက်တော် (၁၇)နှစ်အရွယ်သို့ ရောက်ခဲ့လေသည်။ သူရိယကုမ္မာ သတို့သားမှာ သာမန်လူသားများနှင့် မတူမူဘဲ ရုပ်ဆင်းအင်္ဂါ တင့်တယ်ပြီး ရွှေအဆင်းကဲ့သို့ ရှိ၍ မင်းဖြစ်ထိုက်သည်ကို မြင်တော်မူသောကြောင့် မွေးစားဖခင် ရသေ့ကြီးက မင်းသားတို့၏ တတ်အပ်သော အတတ်ပညာများကို သင်ကြားပေးခဲ့လေသည်။ သူရိယကုမ္မာ သတို့သားသည် သနားကြင်နာတတ်ခြင်း၊ ရဲရင့်ခြင်း၊ တည်ကြည် ဖြောင့်မတ်ခြင်း စသည့် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏ ဂုဏ်အင်္ဂါလက္ခဏာ အပေါင်းနှင့်လည်း ပြည့်စုံသည်။ အသက် (၂၀)အရွယ်သို့ ရောက်သော အခါ သုဗ္ဗိန္ဒနာဂရပြည့်ရှင် တိဿဓမ္မမင်းကြီး နတ်ရွာ စံတော်မူသဖြင့် ထီးနန်းခံမင်းပြုမည့်သူ မရှိ ဖြစ်လေသည်။ ထိုအခါ မှူးမတ်ဗိုလ်ပါတို့က တိဿကုမာရ ရသေ့နှင့် သီဟကုမာရ ရသေ့တို့ထံ သွားရောက်ပြီး ခမည်းတော် နတ်ရွာစံတော်မူပြီးဖြစ်၍ ညီနောင်နှစ်ပါးတွင် တစ်ပါးပါးက ထီးနန်းဆက်ခံရန် လျှောက်ထား တောင်းပန်ကြလေသည်။

၆။ ထိုအခါ ရသေ့ညီနောင်နှစ်ပါးက ငါတို့သည် ငယ်စဉ်ကပင် ထီးနန်းစည်းစိမ်ကို အလိုမရှိ၍ ရသေ့ရဟန်းပြု တောထွက်ခဲ့ကြသည်။ သို့ဖြစ်၍ ယခု ငါတို့ ထီးနန်းစည်းစိမ်ကို အလိုမရှိပြီ၊ သင်တို့အလိုတူက ငါတို့ထံပါး မွေးစားထားသော သူရိယကုမ္မာ သတို့သားကို ခေါ်ယူ ထီးနန်းအပ်လေဟု မိန့်ကြားလေသည်။ မှူးမတ်ဗိုလ်ပါ အပေါင်းတို့လည်း လွန်စွာဝမ်းမြောက်ကြလျက် သူရိယကုမ္မာသတို့သားကို သုဗ္ဗိန္ဒ

နာဂရမြို့သို့ ပင့်ဆောင်ပြီး ဇင်းကျိုက်တောင်အရှေ့ သံလွင်မြစ် အနောက်ဖက်ကမ်းရှိ ကျွဲခြံသူကြီးသမီး နာဂသူဇာနှင့် ရွှေလက်တော် ဆက်၍ တိဿဓမ္မသီဟရာဇာဘွဲ့အမည်ဖြင့် ဘိသိက်သွန်း မင်းမြှောက် ကြလေသည်။ သုဗ္ဗိန္ဒနာဂရနေပြည်တော်ကိုလည်း ရွှေထွက်ရာမချောင်း ကို အကြောင်းပြု၍ သုဝဏ္ဏဘူမိဟု သတ်မှတ်လိုက်ကြသည်။ ထိုအချိန်မှ စ၍ တိဿဓမ္မရာဇာမင်းနှင့် မိဖုရားနာဂသူဇာတို့သည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ တိုင်းသူပြည်သားများအား ရင်ဝယ်သားကဲ့သို့ ကရုဏာထား အုပ်ချုပ်စိုးစံခဲ့ကြသည်။ သုဝဏ္ဏဘူမိ နေပြည်တော်သည် လွန်စွာ ဝပြောစည်ပင်လျက် ပြည်သူတို့မှာ ရေချမ်းအိုးကို ပိုက်ထားရဘိ သကဲ့သို့ အေးချမ်းသာယာ ရှိလှပေသည်။

## အရှင်ဂဝံပတိ ရဟန္တာမထေရ်

၇။ ကျောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သော စန္ဒကုမ္မာ လုလင်ငယ်သည် မဇ္ဈိမဒေသ မိတ္ထီလာမြို့ရှိ အတုလသူဌေးကြီး၏ သမီး သုမနထံတွင် လူဝင်စား‌ဖြစ်လာသည်။ ဗုဒ္ဓဘုရားပွင့်ချိန်နှင့် ကြုံကြိုက်၍ အဖိုးဖြစ်သူ သူဌေးကြီး၏ ဆွမ်းအနုမောဒနာပွဲတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တရားတော်များကိုနာကြားရသဖြင့် ပါရမီသမ္ဘာ ဓာတ်ခံရင့်သန်လေသော ကြောင့် (၇)နှစ်သားအရွယ် လူငယ်ဘဝဖြင့် ဂဝံပတိသာမဏေအဖြစ် မြင့်မြတ်သောအနေသို့ ရောက်ရှိခဲ့လေသည်။ ထိုသာမဏေဘဝဖြင့်ပင် ရဟန္တာဖြစ်လေသည်။ မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်တွင် အရှင်ဂဝံပတိ ရဟန္တာမထေရ်မြတ်သည် အဘိညာဏ်တန်ခိုးဖြင့် ကြည့်တော်မူလေသော် မိခင်သုမနသည် မိတ္ထီလာပြည်မှ သေလွန်ခဲ့ပြီး ရာမညတိုင်း သုဝဏ္ဏဘူမိ တစ်ခုသော ပစ္စန္တရာဇ်အရပ်၌ တံငါတို့၏ အလေ့အကျင့်ဖြင့် လူဝင်စား

ဖြစ်နေကြောင်း သိရလေသည်။ မိမိကသာ ကယ်မချေချွတ်ခြင်းမရှိပါက သံသရာတွင် နစ်မွန်းရတော့မည်ကို သိမြင်တော်မူသဖြင့် ဘဝဟောင်းက မိခင်အား တရားဓမ္မ ဟောပြောပြရန် ဆန္ဒဖြစ်ပေါ်လေသည်။ ထို့အပြင် အတိတ်ဘဝက နောင်တော်ဖြစ်သော သုဝဏ္ဏဘူမိပြည့်ရှင် တိဿ ဓမ္မ သီဟရာဇာ၊ မွေးစားဖခင် တိဿကုမာရ ရသေ့နှင့် ဦးကြီးတော် သီဟကုမာရ ရသေ့တို့ကိုလည်းတွေ့မြင်လိုသည်။ ထို့ကြောင့် အရှင်ဂဝံပတိ ရဟန္တာသည် ဘုရားရှင်ထံမှ ခွင့်ပန်၍ မူလဇာတိဌာန သုဝဏ္ဏဘူမိမြေသို့ ကြွမြန်းလာစဉ်အခါ ရွှေဟင်္သာငှက်မင်း တောင်ဟုန်းပြင်းသကဲ့သို့ ဈာန်တန်ခိုးတော်ဖြင့် ကောင်းကင်ယံမှ ကြွချီ၍လာသည်ကို အကြောင်း ပြုခြင်းနှင့် ဘုရားလောင်း ဟင်္သာငှက်မင်းဖြစ်စဉ်က နေထိုင်ခဲ့ခြင်း တို့ကြောင့် ယင်းဒေသတွင် ဟင်္သာတံဆိပ် ခတ်နှိပ်ခြင်းသည် သမိုင်းလမ်းကြောင်း မပျောက်ကောင်း၍ ဖြစ်ပါသည်။

၈။ အရှင်ဂဝံပတိ ရဟန္တာမထေရ်မြတ်သည် သုဝဏ္ဏဘူမိ နေပြည်တော်သို့ ရောက်လေသော် နန်းတွင်းသို့ ဝင်ရောက်ပြီး တင့်တယ်လျောက်ပတ် မြတ်သောနေရာတွင် စံနေတော်မူပြီး ဤကဲ့သို့ မြင့်မြတ်သော သာမဏေရဟန်းကို ရှေးက မမြင်ဖူးသည်ဖြစ်၍ အသွင်ထူးခြား အမြင်ဆန်းပြားလှသော ရဟန္တာအရှင်ဂဝံပတိ မထေရ်မြတ်အား ဘယ်အမျိုး၊ ဘယ်အနွယ်၊ ဘယ်သူဖြစ်သည်ကို စုံစမ်းမေးမြန်းတော် မူလေသည်။ အရှင်မြတ်က မိမိ၏ အတိတ်ဘဝဟောင်းက အကြောင်း ကြုံဆုံ၍ ရေမြေ့ရှင်နှင့် ညီအစ်ကိုတော်စပ် ခဲ့ဖူးကြောင်း၊ မိမိသည်ကားညီ၊ ရေမြေ့ရှင်ကား နောင်တော် ဖြစ်ကြောင်း၊ ယခုဘဝတွင် သုံးလူထွတ်ထား သဗ္ဗညုမြတ်စွာဘုရားနှင့်တွေ့ပြီး၊ တရားဓမ္မအဆုံးအမကို ခံယူရသဖြင့် ဂဝံပတိဟူသော ရဟန္တာမထေရ်မြတ်ဖြစ်လာကြောင်း၊ ပြန်လည် မိန့်ကြား

တော်မူသည်။ တိဿဓမ္မသီဟ ရာဇာမင်းက ဤသို့မှန်လျှင် အရှင်မြတ်သည် လူတွင်အထွတ်မြင့်မြတ်သောပုဂ္ဂိုလ်ဖြစ်ပေတော်မူသည်ဟု ဆို၏။ ထိုအခါ အရှင်ဂဝံပတိမထေရ်မြတ်က ကျွန်ုပ်သည်ကား လူတွင် အတုမရှိ အထွတ်အထိပ်မဟုတ်၊ စင်စစ် လူ့ပြည်နတ်ရပ် လောကဓာတ်တစ်ခွင် နှိုင်းဖွယ်မမြင်သည့် အရဟံအစ၊ ဘဂဝါအဆုံး ကိုးပါးသောဂုဏ်တို့နှင့် ပြည့်စုံ၍ သုံးလောက ဓမ္မရာဇ် သင်းကျစ်မှန်ကူ ဖြစ်တော်မူသော သဗ္ဗညုတ ဘုရားရှင်သည် မဇ္ဈိမဒေသရာဇဂြိုဟ်ပြည်၌ ရှိပါသေးသည်ဟု ပြန်လည်မိန့်ကြားတော်မူလေသည်။

**မှတ်ချက်။** ။**ဂဝံပတိအဓိပ္ပာယ်** အသက်ရှင်သော၊ အသက်ရှိသော မြေစိုင်မြေခဲ၊ မြေပထဝီ၊ ထို့ကြောင့် ရွှေလိုလှသော မြေဟု ယနေ့ထိတိုင် ခေါ်ဝေါ်သမုတ်ကြပါသည်။

၉။ တိဿဓမ္မသီဟရာဇာမင်းနှင့် တကွ တိဿကုမာရရသေ့၊ သီဟကုမာရ ရသေ့အပါအဝင် ပြည်သူပြည်သား လူအများတို့သည် အရှင်ဂဝံပတိမထေရ်မြတ်၏ တရားဓမ္မကို နာကြားရသည်တွင် သရဏဂုံ၌ တည်ကြကုန်၏။ ရတနာသုံးပါးကို ယုံကြည်ကြ၍ မစ္ဆာပါပ အယူမှ သမ္မာဒိဋ္ဌိ ကောင်းမြတ်သောအယူကို ရကြကုန်၏။ တရားရ၍ ယဉ်ကျေးကြကုန်၏။ ထိုအကြောင်းကြောင့် ဘုရားရှင်ကို ပင့်လျှောက်ပေးရန် တောင်းပန်ကြကုန်သည်။ အရှင်ဂဝံပတိ မထေရ်မြတ်ကလည်း ပင့်လျှောက်ပေးမည်ဟုဝန်ခံလျက် ရာဇဂြိုဟ်ပြည်သို့ ပြန်လည် ကြွသွားတော်မူလေသည်။ တစ်နည်းအားဖြင့် ရှင်ဂဝံပတိ မထေရ်မြတ်သည် မိခင်နှင့် ပြန်လည် တွေ့ဆုံပုံကို မွန်ဘာသာရေး ဥပ္ပန္နသုဓမ္မဝတီ ရာဇဝင်ကြီးတွင် အောက်ပါအတိုင်း စိတ်ဝင်စားဖွယ် ဖတ်ရှုရပေသည်။

၂၃၃၇၉

မင်းကြီး – “ငါ့အရှင် ဘယ်က ကြွလာပါသလဲ”

ဂဝံပတိမထေရ် – “ကျွန်ုပ်သည် ပစ္ဆိမဒေသ မိတ္ထီလာပြည်က လာပါသည်”

မင်းကြီး – “မည်သည့်ကိစ္စအတွက် အရှင်မထေရ်မြတ် လာပါသနည်း”

မထေရ်မြတ် – “ကျွန်ုပ်၏မိခင်သည် မိတ္ထီလာမြို့၌ ကွယ်လွန်ပြီး အသင်မင်းကြီးတို့၏ နိုင်ငံတွင် လူလာဖြစ်နေသဖြင့် တွေ့မြင်လို၍ လာရခြင်း ဖြစ်ပါသည်”

မင်းကြီး – “တပည့်တော်၏ နိုင်ငံသည်ကား ကျယ်ဝန်းလှစွာ၏၊ အဘယ်သို့ သိမြင်နိုင်ပါမည်နည်း”

မထေရ်မြတ် – “ကျွန်ုပ်၏ မိခင်သည် ဤမြို့တော်၏ တောင်ဘက် တောမြိုင်ကြီး ကုဋ္ဌပဗ္ဗတရွာတွင် နေတိုင်လျက် ရှိသည်။ ယင်းရွာကို ဝတောင်ပေါ (ဝတင်ဖံည) သို့မဟုတ် အိဝဲ(အဝံါည)ရွာဟု ခေါ်ပါသည်။ ကျွန်ုပ်၏ မိခင်သည် ဝလူမျိုး အကြီးအကဲ၏ သမီးဖြစ်သည်။ ထိုရွာတွင် အိမ်ခြေ (၁၅)အိမ်သာရှိပြီး အရှေ့ (၇)အိမ်၊ အနောက် (၇)အိမ်၊ အလယ်အိမ်သည် မိခင်အိမ်ဖြစ်သည်။ မွေးချင်း (၇)ဦးအနက် မိခင်သည် အလယ်သမီး

ဖြစ်သည်။ ယခု အသက် (၇)နှစ်ရှိပြီ
ဖြစ်သည်။

၁၀။ မင်းကြီးသည် အရှင်ဂဝံပတိမထေရ်မြတ် မိန့်ကြားသည်ကို မှတ်သားပြီး မင်းချင်းတို့အား အရှင်ညွှန်ကြားပေးသည့် ရွာသို့ သွားရောက် ရှာဖွေ ခေါ်ယူစေခဲ့သည်။ အရှင် ညွှန်ပြသည့်အတိုင်း (၇)နှစ်အရွယ် သမီးငယ်ကို တွေ့ရှိပြီး မင်းကြီးထံသို့ ခေါ်ယူဆက်သကြလေသည်။ မင်းကြီးသည် ထိုသူငယ်မအား ဂဝံပတိမထေရ်မြတ်အား ပြသပြီး ဤသို့ မေးလျှောက်လေသည်။

မင်းကြီး – "ဤသူငယ်မသည် အရှင်သူမြတ်၏ မိခင် မှန်ပေသလော"

မထေရ်မြတ် – "ဤသူငယ်မသည် ကျွန်ုပ်၏ မိခင် မှန်ပေသည်"

မင်းကြီး – "ဤသူငယ်မသည် အရှင်သူမြတ် မိခင်ဖြစ်သည်ဟု ဆိုပေသည်။ သို့သော် အများက သက်သေမကောင်း ဖြစ်နေကြပါသည်။ အဘယ်သို့ သက်သေရနိုင်ကောင်းအောင် ပြုနိုင်ပါမည်နည်း"

၁၁။ အရှင် ဂဝံပတိမထေရ်မြတ်လည်း အများ သက်သေရနိုင်မကောင်း ဖြစ်နေ ကြသည်ကို ဖြေဖျောက်ရန်အတွက် "အကယ်၍ ဤသူငယ်မသည် ကျွန်ုပ်၏ မိခင်ဖြစ်ရိုး ဧကန်မှန်က ယင်း၏ နို့အုံမှ နို့ရည်များ ယိုစီးထွက်လာပါစေ"ဟု အဓိဋ္ဌာန်ပြုလေသည်။ ဤသို့ ရဟန္တာ အရှင် ဂဝံပတိမထေရ်မြတ် အဓိဋ္ဌာန်ပြုသည်နှင့် တစ်ပြိုင်နက် အသက်(၇)နှစ် အရွယ် သူငယ်မ၏ နို့အုံမှ နို့ရည်များ ယိုစီးထွက်လာပြီး မထေရ်မြတ်၏

ပါးစပ်သို့ ဝင်ရောက်လေသည်။ ထိုသို့ အံ့ဩဖွယ်အခြင်းအရာကို မြင်ကြကုန်သော် မင်းနှင့်တကွ မှူးမတ်ဗိုလ်ပါ ပရိသတ် အပေါင်းတို့သည် မထေရ်မြတ်အား များစွာ ပူဇော်ကြကုန်၏။ အရှင်ဂဝံပတိမထေရ်မြတ်ကလည်း အတိတ်ဘဝမိခင်ဖြစ်သော သူငယ်မကို သံသရာမှ လွတ်ရာလွတ်ကြောင်း တရားဓမ္မများကို ဟောကြားတော်မူလေသည်။ ထိုသူငယ်မမှာလည်း အတိတ်ဘဝက ပါလာသော ကုသိုလ်အရှိန်ကြောင့် သောတာပန် အဖြစ်သို့ ရောက်ရှိသွားလေသည်။ ယနေ့အချိန်ထိ သုဝဏ္ဏဘူမိ သထုံဟု ခေါ်ဆိုကြရာတွင် လူပြိန် လူဝင်စား၊ သိုက်ပြန် လူဝင်စားများ ပေါ်များခြင်းသည် ထိုအချိန်ကစ၍ ဖြစ်ပေါ်ခဲ့ပါသည်။

၁၂။ ရဟန္တာအရှင်ဂဝံပတိမထေရ်မြတ်သည် မိခင်ဟောင်းနှင့် အတိတ်ဘဝက မွေးစားဖခင်ရသေ့ ဦးကြီးတော် ရသေ့နှင့် နောင်တော် တိဿဓမ္မသီဟရာဇာမင်းတို့အား သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း တရားနည်းလမ်းကောင်းတို့ကို ဟောဖော်ညွှန်ပြဆိုဆုံးမမှုကို ပြုပြီး မဇ္ဈိမဒေသသို့ ပြန်လည် ကြွမြန်းတော် မူလေသည်။

## ဘုရားမြတ်ရှင် ဒေသစာရီကြွချီလာခြင်း

၁၃။ မဟာသက္ကရာဇ် ၁၁၁ ခုနှစ် ဟေမန္တ ဆောင်းကာလတွင် အရှင်ဂဝံပတိရဟန္တာမထေရ်မြတ်သည် မဇ္ဈိမဒေသသို့ ပြန်လည် ရောက်ရှိခဲ့သည်။ ရောက်လျှင်ရောက်ချင်း ဘုရားရှင်ထံပါး ချဉ်းကပ်၍ ရာမညတိုင်း သုဝဏ္ဏဘူမိ နေပြည်တော်ရှိ လူသတ္တဝါပေါင်း များစွာတို့၏ အကျိုးကို သနားငဲ့ညှာ၍ပြီး ကြွချီတော်မူပါမည့် အကြောင်း လျှောက်ထားတောင်းပန်လေသည်။ ထိုအခါ ဘုရားရှင်က ပုတ္တိအာဂုဏ်၊ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူလျက် နောက်ပါ

ရဟန္တာများ ခြံရံကာ ဈာန်အကျင့်ဖြင့် ကောင်းကင်ခရီးမှ ကြွချီတော်မူလာသည်။ ဤသို့ ဘုရားရှင် ကြွချီလာခြင်းသည် ထိုအရပ်၌ အနာဂတ်ကာလတွင် သာသနာတော် အရှည်တည်ထွန်း ပွင့်လင်းတော်မူမည်ကို မြင်တော်မူ၍ လည်းကောင်း၊ ထို့အပြင် အတိတ်ဘဝပေါင်းများစွာက တော်စပ်ခဲ့ဖူးသော ဆွေတော် မျိုးတော်များ ကျွတ်တမ်းမဝင်ကြသေးသည်ကို မြင်တော်မူ၍လည်းကောင်း ကြီးမားသော မဟာကရုဏာတော်ဖြင့် ကြွချီတော်မူခဲ့ခြင်း ဖြစ်သည်။ ဘုရားရှင်နှင့် နောက်ပါ ရဟန္တာများ သေလာပဗ္ဗတတောင်(ခေါ်) မြသပိတ်တောင်မှ တစ်ဆင့် ကေလာသ တောင်သို့ ကြွချီလာသည်ကို မြင်တော်မူ၍ တိဿကုမာရ ရသေ့၊ သီဟကုမာရ ရသေ့၊ တိဿ မမ္မသီဟရာဇာမင်းနှင့် မှူးမတ်ဗိုလ်ပါ ပြည်သူအပေါင်းတို့က ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားသည့် ကေလာသတောင်ပေါ်ရှိ စံကျောင်းတော်၊ မဏ္ဍပ်ကနားတို့ဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပူဇော်ကြလေသည်။ ဘုရားရှင်နှင့် နောက်ပါ ရဟန္တာတို့သည် (၇)ရက် တစ်ပတ် စံနေတော်မူ၍ ဟရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး တော်မူသည်။ ထိုကာလအတွင်း မင်းမှူးမတ် သူဌေးသူကြွယ်၊ ကုန်သည်၊ ဆင်းရဲသား ပြည်သူပြည်သားများနှင့် ဂဇ္ဈာဂီရိ (ဇင်းကျိုက်)တောင်မှ တိဿကုမာရ ရသေ့၊ ဗန္ဓဝဂီရိ (ခွဲကပင်)တောင်မှ သီဟကုမာရ ရသေ့၊ ဒိုးခလွန်း (ကေလာသ)တောင်မှ တိလရသေ့၊ ဒိုးကမော့ ကတွံဂလိုင် (ကျိုက်ထီးရိုး)တောင်မှ ဗုဒ္ဓဉာဏရသေ့၊ သီရိပဗ္ဗတ (ဒိုးကုသိနာရုံ) တောင်မှ ဒိဗ္ဗစက္ခုဘာယရသေ့၊ နာဂပဗ္ဗတ(မဲလံ)တောင်မှ မဲလံရသေ့တို့လည်း ဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာများကို ကြားနာကြကုန်သည်။ များစွာကုန်သော လူအပေါင်းတို့သည် တရားရကြ၍ သရဏဂုံ၌တည်ပြီး

ယဥ်ကျေးကြကုန်သည်။ ဥပါသကာ ဥပါသိကာများ ဖြစ်ကြကုန်ပြီး သောင်းတိုက်ချီ၍ပင် ကျွတ်တမ်း ဝင်ကြကုန်သည်။

## ရသေ့များအား ဆံတော်ချီးမြှင့်ခြင်း

၁၄။ သုဝဏ္ဏဘူမိနေပြည်တော်တွင် ဘုရားရှင်၏တရားဒေသနာများ နာကြားပြီး လောကီစျာန်အဘိညာဥ်ရ တောပျော်၊ တောင်ပျော် ရသေ့အကျော်အမော် (၆)ပါးတို့သည် ဘုရားရှင်ထံပါး ချဉ်းကပ် ဖူးမြော်၍ နောင်သာသနာ အရှည်တည်သမျှ ကာလပတ်လုံး ကိုးကွယ် ထားရန် ပူဇနီယဝတ္ထု တစ်စုံတစ်ရာ ပေးသနားတော်မူပါမည့် အကြောင်း လျှောက်ထားတောင်းပန်ကြကုန်သည်။ ထိုအခါ ဘုရားရှင်က ဤရာမညတိုင်း သုဝဏ္ဏဘူမိတွင် သာသနာရှည်တည်ထွန်း ပွင့်လင်းတော် မူမည်ကို မြင်တော်မူ၍ လည်းကောင်း၊ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကာလ တရားမရ၊ ကျွတ်တမ်းမဝင်နိုင်ကြသေး သူများအတွက် နောင် ဆံတော်ရှင် သာသနာအတွင်း တရားရ ကျွတ်တမ်းဝင်ကြလိမ့် မည်ဟု သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သိမြင်တော်မူ၍လည်းကောင်း ရှေးဦးပထမ အဘိယာစက ပြုလာကြကုန်သော အောက်ပါ ရသေ့ အကျော်အမော် (၆)ပါးတို့အား မဟာဓာတုဝင် ဆံတော်ဓာတ်တစ်ဆူ ကျစီ ချီးမြှင့် အမွေ ပေးသနားတော်မူလေသည်။ မူလက ဆံတော်ရှင် (၆)ဆူကို ရသေ့(၆)ပါးက ရတော်မူသည်။ ယခုအခါတွင် ဆံတော်များကို တစ်ဆင့်ပွား၍ ဘုရားစေတီများတွင် ဌာပနာပြီး ကိုးကွယ်ပူဇော်ခြင်း လည်း ရှိပေသည်။

(က) ဂဏ္ဍာဂီရိ (ဇင်းကျိုက်)တောင်နေ – တိဿကုမာရ ရသေ့

(ခ) ဗန္ဓဝဂီရိ(ဗွဲကပင်)တောင်နေ – သီဟကုမာရ ရသေ့

(ဂ) ဒိုးခလွန်း(ကေလာသ)တောင်နေ – တိလရသေ့
(ဃ) သီရိပဗ္ဗတ (ကုသိနာရုံ)တောင်နေ– ဒိဗ္ဗစက္ခုဘာယ ရသေ့
(င) ဒိုးကမော့ကတွံဂလိုင်(ကျိုက်ထီးရိုး)
တောင်နေ – ဗုဒ္ဓဉာဏ ရသေ့
(စ) နာဂပဗ္ဗတ(မဲလံ)တောင်နေ – မဲလံရသေ့

၁၅။ အထက်ပါ ရသေ့ကျော် (၆)ပါးတို့အား ရှေးဦးပထမ ဆကေသ မဟာဓာတုဝင် ဆံတော်ဓာတ် အမွေပေးသနားတော် မူပြီး နောက်ရက်မှ ရောက်လာပြီး ဘုရားရှင်ကို ဖူးမြော်ကာ တရား နာကြားကြကုန်သော အောက်ပါ ရသေ့ (၆)ပါးတို့၏ လျှောက်ထား တောင်းပန်မှုကြောင့် ဒုတိယအကြိမ် ဆကေသမဟာဂန္ထဝင် ဆံတော်(တစ်)ဆူကျစီ (၆)ဆူကို အမွေပေးသနားတော် မူလေသည်။

(က) မွတ်လအိတောင်မှ – ကပ္ပရသေ့
(ခ) မွတ်လအပ်တောင်မှ – နာရဒရသေ့
(ဂ) ဝါဂရုနယ်လမိုင်းကေလာသ – ရသေ့
(ဃ) ဒိုးယွန်း(ခ)ကျိုက်ဒေးယျုံတောင်မှ – ရသေ့
(င) ကျိုက္ခမီတောင်မှ – ရသေ့
(စ) ဆောင်ခဲ(ခ)ကျိုက်တဲတောင်မှ – အလ္လကပ္ပရသေ့

၁၆။ အထက်ပါ ရသေ့ကြီးများသို့ ဆံတော်(၆)ဆူ ပေးသနားတော်မူပြီး ဘုရားရှင် မဇ္ဈိမဒေသသို့ ပြန်ကြွခါနီးမှ ရောက်လာသော နတ်ဘီလူး တို့၏ အကြီးအမှူး ဒေဝကုန္ဒလနှင့် မဏိကုန္ဒလ နတ်ဘီလူးညီနောင်တို့ ကိုလည်း ဘုရားရှင်က တရားရေအေး အမြိုက်ဆေး တိုက်ကျွေး

တော်မူပြီး နောင်အခါ နတ်ဘီလူးညီနောင်တို့ နေထိုင်ရာအရပ်တွင် သာသနာတော် အရှည်တည်ထွန်းမည်ကို မြင်တော်မူ၍ ဆံတော်တစ်ဆူ အား သီးခြား ပေးသနားတော်မူခဲ့လေသည်။ နတ်ဘီလူးညီနောင် နေထိုင်ရာ အရပ်ကို ရှေးအခေါ် လက်ာဒီပကျွန်း၊ ကော့ယက္ခကျွန်း- ကျောက်ဖျာ ကျွန်းဟုခေါ်သည်။

## အရှင်ဂဝံပတိမထေရ် သွားတော် (၃၃)ဆူကို ပင့်ဆောင်ပေးခြင်း

၁၇။ ဗုဒ္ဓမြတ်စွာသည် သုဝဏ္ဏဘူမိသို့ ကြွရောက်ပြီး ရသေ့သူမြတ်တို့အား ဆံတော်များ ချီးမြှင့်တော်မူစဉ် တိဿဓမ္မသီဟရာဇာမင်းကလည်း ဘုရားရှင်ထံပါး ချဉ်းကပ်၍ ဆံတော်ပေးသနားပါရန် တောင်းပန်လျှောက်ထားလေသည်။ ဘုရားမြတ်ရှင်သည် နောင်(၃၇)နှစ် အကြာ ငါဘုရား ပရိနိဗ္ဗာန် စံလွန်သောအခါ အရှင်ဂဝံပတိမထေရ်မြတ်သည် မိမိသွားတော်ဓာတ်တစ်ဆူကို (၃၃)ဆူပွားလျက် မင်းကြီးအား ယူဆောင်ပေးမည်ကို မြင်တော်မူ၍ ဆံတော်ကို ပေးတော်မမူချေ။ ဤအကြောင်းကို ဟံသာဝတီသာသနာပြုမင်း ဓမ္မစေတီ၏ "သွားတော်-၃၃ဆူကျောက်စာ"တော်တွင် အောက်ပါ အတိုင်း တွေ့မြင်ဖတ်ရှုရပေသည်။

> "ရသေ့မြတ် (၆)ပါးတို့အား ပူဇနီယဝတ္ထုကို ပေးပြီးဖြစ်သော ကြောင့် ဤ ငါ၏ဆံတော်ကို မင်းကြီးအား မပေးတော့ပြီ၊ ဤနှစ်မှ သုံးဆယ့်ခုနစ်နှစ် လွန်မြောက်လျှင် ကုသိနာရုံပြည်အနီး မလ္လာမင်းတို့၏ ကုက္ကိုတောဥယျာဉ်၌ ပရိနိဗ္ဗာန်မပြုမီကပင်လျှင် မိမိ အစီဋ္ဌာန်ဖြင့် သွားတော်

ဓာတ်တစ်ဆူမှ သုံးဆယ့်သုံးဆူပွားကို သထုံပြည်သို့အရောက် ဆောင်နှင်းပေးစေရန် အလို့ငှာ ဂဝံပတိ မထေရ်ကို ဝန်ပြု စေပြီးလျှင် အတို့ သခင် ဂဝံပတိမထေရ်သည် အလောင်းစက်၌ သွားတော် ဓာတ်တစ်ဆူမှ သုံးဆယ့်သုံးဆူပွားကို ယူဆောင် ၍ ကောင်းကင်ခရီးဖြင့် ကြွလာပြီးလျှင် သီရိမာသောကမင်း (တိဿဓမ္မသီဟရာဇာမင်း)အား ပေးတော်မူ၏"

၁၈။ အရှင်ဂဝံပတိရဟန္တာအရှင်မြတ် ယူဆောင်ပေးသော သွားတော် ၃၃-ဆူတို့သည် ရာမညဒေသ(မုတ္တမ) ၃၃-မြို့နှင့် ဟံသာဝတီ ၃၃-မြို့အတွင်း ယခု မွန်ပြည်နယ်၊ ကျိုက်ထို၊ ဘီလင်း၊ သထုံ၊ ပေါင် မြို့နယ်များနှင့် ပဲခူး၊ သနပ်ပင်၊ ကဝ စသော မြို့နယ်များအတွင်း၌ ယနေ့တိုင် အထင်အရှား ရှိနေကြပါသည်။ သို့ဖြစ်၍ အရှင်ဂဝံပတိ ရဟန္တာမထေရ်မြတ်သည် မွန်ပြည်နယ် ဇင်းကျိုက်နယ်မှ အစပြုခဲ့ပြီး ဗုဒ္ဓမြတ်စွာအား ရာမညဒေသသို့ ပင့်ဆောင်ပေးခဲ့သည့် အရှင်သူမြတ် ဖြစ်ပြီး ဗုဒ္ဓဘုရားရှင်သာသနာကို ရာမညတိုင်း သုဝဏ္ဏဘူမိဒေသ၌ ဆိမ်းတန်ဆောင်ပမာ ထွန်းလင်းတောက်ပအောင် ဆောင်ကျဉ်းပေး ခဲ့သည့် အရှင်မြတ်ပင်ဖြစ်သည်။ အရှင်သူမြတ်၏ ကျေးဇူးဂုဏ်ကား လွန်စွာကြီးမြတ်လှပေသည်။

## ပရိယတ္တိသာသနာအစ သုဝဏ္ဏဘူမိက

၁၉။ သုဝဏ္ဏဘူမိထေရ်ရသမိုင်းကိုကြည့်လျှင် အရှင်ဂဝံပတိမထေရ် မြတ်သည် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အခြေချ ပေးသကဲ့သို့ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ်တို့သည် သာသနာတော်

အရှည်ကြည်တံ့နိုင်ရေးအတွက် ပရိယတ္တိသာသနာကို အခြေခိုင်အောင် ထူထောင်ပေးခဲ့သည်။ ထို့နောက် ရှင်ဦးဗုဓ်သည် သီဟိုဠ်ကျွန်းသို့ ကြွမြန်းပြီး ဗုဒ္ဓဘုရားရှင်၏ ပိဋကတ်တော်ကို ပရိယတ္တိ သာသနာတော် အရှည်တည်တံ့ ပြန့်ပွားရေးအတွက် ကူးယူခွင့်တောင်းခဲ့သည်။ ထိုအခါ ပိဋကတ်တော်များကို စောင့်ရှောက်တော်မူကြသော ရဟန်း အရှင်သူမြတ်များက ပိဋကတ်တော်များကို သံကွန်ချာဖြင့် ဖုံးအုပ်ထား၍ သံကွန်ချာများအား အဓိဋ္ဌာန်ဖြင့် ဖွင့်နိုင်ပါက ကူးယူခွင့်ပြုမည်ဟု ဆိုကြသည်။ ရှင်ဦးဗုဓ်က သံကွန်ချာများကို အဓိဋ္ဌာန်ဖြင့် ဖွင့်မရသောကြောင့် ကူးယူခွင့်မရခဲ့ကြောင်း အဆိုရှိပါသည်။ ထို့နောက် အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်က သီဟိုဠ်ကျွန်းသို့ သွားရောက်၍ ပိဋကတ်တော်များကို ကူးယူခွင့် တောင်းခံခဲ့ပြန်သည်။ ရှေးနည်းတူပင် ပိဋကတ်တော်များကို ဖုံးအုပ်ထားသော သံကွန်ချာများအား အဓိဋ္ဌာန်ဖြင့် ဖွင့်နိုင်မှ ကူးယူခွင့်ပြုမည်ဟု အဆိုရှိကြပြန်ရာ ရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်က ကူးယူခွင့်ရရှိရေးအတွက် လက်အုပ်ချီ အဓိဋ္ဌာန်ပြု ဆုတောင်းလေရာ သံကွန်ချာများ ပွင့်သွား၍ ကူးယူခွင့်ရပြီး ရွှေကညစ်ဖြင့် ကူးယူလျက် သုဝဏ္ဏဘူမိ နေပြည်တော်သို့ ပင့်ဆောင်ခဲ့ကြောင်း အဆိုရှိပါသည်။ ထို့ကြောင့် ရှင်ဦးဗုဓ်နှင့် ရှင်မဟာဗုဒ္ဓဃောသ အရှင်သူမြတ်နှစ်ပါးတို့သည်လည်း ဇင်းကျိုက်တောင်က ပဋ္ဌာန်း အခြေစခဲ့သည်ဟု အဆိုရှိပါသည်။ တစ်နည်းအားဖြင့် ဗုဓ်အစ၊ ဗုဓ်အလယ်၊ ဗုဓ်အဆုံး ဟူ၍လည်း သာသနာ့ဥဒါန်း ရှိခဲ့ပါသည်။ ဤသို့ဖြင့် ပရိယတ္တိသာသနာသည် သုဝဏ္ဏဘူမိကစ၍ ပြန့်ပွားတည်တံ့လာခဲ့ကြောင်း လေ့လာမိပါသည်။

**မှတ်ချက်။**

(၁) ဗုဒ်အစမှာ - ဗုဒ္ဓမြတ်စွာဘုရား ဖြစ်ပါသည်။
(၂) ဗုဒ်အလယ်မှာ - ရှင်မဟာဗုဒ္ဓဃောသ ဖြစ်ပါသည်။
(၃) ဗုဒ်အဆုံးမှာ - ရှင်ဦးဗုဒ်ရဟန်းသူမြတ် ဖြစ်ပါသည်။

## သာသနာထေရ်ရသမိုင်းဝင် အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်၏ ထူးခြားသော ဂုဏ်ရည်

၂၀။ မြန်မာပိဋကတ်စာပေသမိုင်းတွင် နေတစ်ဆူ လတစ်ပါး ပမာ ထင်ရှားခဲ့သော ရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်၏ ဂုဏ်ရည်မှာ အံ့ဖွယ်သူရဲ ထူးကဲလှသည်။ အရှင်မြတ်၏ ကျေးဇူးဂုဏ်ကြောင့် ပိဋကတ်သုံးပုံကို မြန်မာတို့သည် မာဂဓဘာသာဖြင့် လေ့လာနိုင်သကဲ့သို့ အရှင်သူမြတ်၏ ပိဋကတ်သုံးပုံ-အဋ္ဌကထာဋီကာ အဖွင့်ကျမ်းများကြောင့်လည်း ဘုရားဟောပိဋကတ်သုံးပုံတို့၏ အရသာကို ကောင်းစွာ ခံစားနိုင်ခြင်းဖြစ်ကြောင်း ယနေ့အထိ ပရိယတ္တိ ဂုဏ်တော်ကို ယုံကြည်ပူဇော်သူတိုင်း မမေ့အပ်ပေ၊ အရှင်သူမြတ်အကြောင်းကို ဗုဒ္ဓ ဃောသုပ္ပတ္တိနှင့် စူဠဝင်ကျမ်းတို့တွင် လေ့လာဖတ်ရှုနိုင်ပါသည်။ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် သာသနာသက္ကရာဇ် ၉၅၆ ခုနှစ်တွင် သီဟိုဠ်နိုင်ငံ အနုရာဓမြို့ရှိ မဟာဝိဟာရကျောင်း၌ အရှင်သံဃပါလမထေရ်ကြီးထံ ချဉ်းကပ်၍ ပိဋကတ်တော်ကို ကူးယူခွင့် ပေးသနားပါရန် လျှောက်ထား တောင်းပန်လေသည်။ အရှင်သံဃပါလ မထေရ်ကြီးက အရှင်ဗုဒ္ဓဃောသမထေရ်၏ စွမ်းရည်သတ္တိကို သိလို၍ "သီလေ ပတိဋ္ဌာယ" အစရှိသော စာကြောင်းလေးကြောင်းပါ ဂါထာနှစ်ပုဒ်ကို

ပေးပြီး အကျယ်ဖွင့်ဆို ရေးသားရန် စေခိုင်းလေသည်။ အဆိုပါ ဂါထာနှစ်ပုဒ်ကို ဖွင့်ဆိုသည့် **ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်း**ကို တစ်ညတည်းဖြင့် စီရင်ရေးသားတော်မူသည်။ ထို့အပြင် သံကွန်ချာဖြင့် ဖုံးအုပ်ထားသော ပိဋကတ်တော်ကို အဓိဋ္ဌာန်ဖြင့် ဖွင့်နိုင်က ကူးယူခွင့်ပေးမည်ဆို၍ လက်အုပ်ချီ အဓိဋ္ဌာန်ပြုလေရာ သံကွန်ချာများ ပွင့်သွားလေသည်။ ရှင်မဟာဗုဒ္ဓဃောသမထေရ်က ပထမအကြိမ် ရေးကူးသည်ပြီးလျှင် နတ်တို့က ဝှက်ထား၍ နောက်ထပ်နှစ်ကြိမ် အလွတ်ရေးခိုင်းသဖြင့် အရှင်သူမြတ်က ရေးသားသည်။ ရေးပြီး ပိဋကတ်တော် (သုံး) စောင်ကို တိုက်ဆိုင်ကြည့်ရာ တစ်စောင်နှင့် တစ်စောင် ကွဲလွဲမှုမရှိ အလုံးစုံ တူညီနေကြောင်း အံ့ဖွယ်သူရဲ တွေ့မြင်ကြရသည်။

၂၁။ ထိုအခါ သီဟိုဠ်သံဃာတို့သည် စည်းဝေး၍ မဖြစ်စဖူး ထူးကဲအံ့ဖွယ် တွေ့မြင်ကြကုန်သောကြောင့် "မေတ္တေယျဘုရား အလောင်းတော်ကြီး လာပြီ"ဟု တစ်ပြိုင်နက် ကြွေးကြော်ကြကုန်လျက် ကောင်းချီးသာခု ပြုကြကုန်သည်။ ပိဋကတ်သုံးပုံ ပါဠိတော်စာပေတို့နှင့်တကွ သီဟိုဠ်ဘာသာ အဋ္ဌကထာစာပေတို့ကိုပါ ကူးယူခွင့် ပြုလိုက်ကြလေသည်။ ထို့အပြင် အရှင်သူမြတ်၏ ဝိသုဒ္ဓိမဂ္ဂကျမ်းကြီးနှင့် နမက္ကာရဘုရားရှိခိုးတို့မှာ ဗုဒ္ဓဘာသာဝင်တို့အလယ်တွင် မရိုးနိုင်အောင် တန်ခိုးကြီးလျက် ရှိပေသည်။ နမက္ကာရဂါထာမှာ ဘုရားရှင် ဂုဏ်တော်ကို ကဗျာဆန်ဆန်ရေးဖွဲ့ထား၍ ဂီတလိုပင် သာယာနာပျော်ဖွယ်ရှိသည်။ လွန်စွာခေတ်မီ၍ ယနေ့တိုင် ထင်ပေါ်ကျော်ကြားပြီး ခေတ်အမီဆုံး ကမ္ဘာ့ဂန္ထဝင်ကဗျာနှင့်ပင် ယှဉ်နိုင်ကြောင်း ပညာရှင်တို့က အညီအညွတ် အသိအမှတ်ပြုထားကြလေသည်။ အရှင်သူမြတ်၏ သီဟိုဠ်ဘာသာမှ မာဂဓ

ပါဠိဘာသာသို့ ပြန်ဆိုရေးသားခဲ့သော ဝိသုဒ္ဓိကျမ်းကြီးနှင့် ပိဋကတ်သုံးပုံအဖွင့် အဋ္ဌကထာကျမ်းကြီးတို့မှာ မြန်မာပြည်တစ်ဝန်းသာမက ကမ္ဘာအရပ်ရပ်သို့ပင် ပျံ့နှံ့ကာ အကျိုးစီးပွား ဆောင်လျက်ရှိပါသည်။ ထို့ကြောင့်လည်း "မြတ်ဘုရား၏ သာသနာအစတည် သုဝဏ္ဏဘူမိသထုံပြည်"ဟု ဥဒါန်းစကား ဆိုခဲ့ရခြင်းပင် ဖြစ်ပေသည်။

## ဆကေသမဟာဓာတုဝင် ဇင်းကျိုက်ဆံတော်ရှင်စေတီတည်တော်မူခြင်း

၂၂။ ဗုဒ္ဓဘုရားရှင် သာသနာအမွေအဖြစ် ချီးမြှင့်တော်မူခဲ့သော ဆကေသမဟာဓာတုဝင် ဆံတော်ရှင် (၆)ဆူအနက် တိဿကုမာရ ရသေ့ကြီးကလည်း တစ်ဆူ ရရှိခဲ့သည်။ ထိုဆံတော်ကို ရသေ့ကြီးသည် မိမိသီတင်းသုံးနေထိုင်ရာ ဂဋ္ဌာဂီရိ(ဇင်းကျိုက်)တောင်သို့ ပင့်ဆောင်ပြီး မပျောက်မပျက် ရလေအောင် အထွတ်အမြတ်ထား ကိုးကွယ်ခဲ့သည်။ မဟာသက္ကရာဇ်–၁၁၂ ခုနှစ်သို့ ရောက်သောအခါ ရသေ့ကြီးသည် နောင်အခါ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်း များစွာတို့ ကိုးကွယ်ပူဇော်နိုင်ကြစေရန်အတွက် လည်းကောင်း၊ ဆံတော်ရှင် သာသနာအတွင်း တရားရကျွတ်တမ်းဝင်ကြစေရန်အတွက် လည်းကောင်း ကြီးမားသော မေတ္တာစေတနာ၊ ကရုဏာတော်ဖြင့် မိမိတစ်ဦးတည်း ကိုးကွယ်ထားခြင်းထက် စေတီတည်ထား ကိုးကွယ်ခြင်းက ကောင်းကျိုးချမ်းသာ အများဖြစ်ထွန်းမည်ကို အကြံရ ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်၍ လာပေသည်။ ထိုအကြောင်းကို သုဝဏ္ဏဘူမိပြည့်ရှင် တိဿ ဓမ္မသီဟရာဇာမင်းအား ဖွင့်ဟပြောဆို တိုင်ပင်လေသည်။ သုဝဏ္ဏဘူမိပြည့်ရှင် တိဿဓမ္မသီဟရာဇာမင်းကြီးကလည်း ကိတ္တိမဖခင် ရသေ့ကြီး

၏ ဆန္ဒအတိုင်း မှူး၊ မတ်၊ ဗိုလ်ပါ၊ သူဌေးသူကြွယ်၊ ကုန်သည်၊ လယ်လုပ်၊ ဆင်းရဲသား ပြည်သူတို့ပါမကျန် နှီးဆော်အသိပေးပြီး၊ ဂဇ္ဈာဂီရိ(ဇင်းကျိုက်)တောင် အထွတ်တွင် ရသေ့ကြီးနှင့်အတူ ဘုရားရှင် ဆံတော်ဓာတ်ကို ဌာပနာသွင်းကာ ဖိနပ်တော် (၁၀)တောင်ရှိ စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြလေသည်။

## ကျိုက်ဗြင်းနတ်(သို့မဟုတ်) နာဂဒေဝီ(ခေါ်) နဂါးမဘုရား

၂၃။ ယခုအခါ ဇင်းကျိုက်ဆံတော်ရှင်ဘုရားဟု ခေါ်တွင်လျက် ရှိသော သကောသမဟာဓာတုဝင် (သို့မဟုတ်) ဇိဝမာနကမဟာကေသ ဓာတုဝင် ဆံတော်ရှင်စေတီတော်သည် မေဟ်အဆက်ဆက် ပြောင်းလဲလာခဲ့သလို အမျိုးမျိုး ခေါ်တွင်ခဲ့ကြသည်။ "ကျိုက်ဗြင်းနတ်" (Kyaik Byin Nat) ဟူ၍လည်းကောင်း၊ "ကျိုက်ဂရင်းနတ်" (Kyaik Garin Nat)ဟူ၍လည်းကောင်း၊ "ကျိုက်ဗလင်းမွတ်နတ်" (Kyaik Bilin Mot Nat) ဟူ၍လည်းကောင်း မွန်ဘာသာဖြင့် အမည်အမျိုးမျိုး ခေါ်တွင်ခဲ့ကြသည်။ မွန်ဘာသာ "ကျာက်ဗြဲနာတ်"ကို မြန်မာ ဘာသာဖြင့် ကျိုက်ကား = ဘုရား၊ ဗြဲကား = မိန်းမ၊ နာတ်ကား = နဂါး ဖြစ်၍ "နဂါးမိန်းမဘုရား"ဟု အဓိပ္ပာယ် ဆောင်သည်။ ဇင်းကျိုက်တောင်ကို ရှေးအခါက "နဂါးမတောင်"ဟု ခေါ်ခဲ့ကြသည်။ ထို့အပြင် ရှေးအခါက ဂဇ္ဈာဂီရိတောင်ခြေ သောင်ကမ်းပါးယံတို့တွင် နဂါးမများ မကြာခဏ လာရောက်ပျော်ပါး နေထိုင်လေ့ ရှိကြသည်။ သထုံပြည်ကို စိုးမိုးအုပ်ချုပ်ခဲ့ပြီး ဤဆံတော်ရှင် စေတီကို တည်ခဲ့သည့် တိဿဓမ္မသီဟရာဇာမင်းမှာ နဂါးမနှင့်

ဝိဇ္ဇာဓိုရ်ရိတို့ သင့်မြတ်ကြရာမှ မွေးဖွားလာသော နဂါးဥဖွားပင် ဖြစ်သည်။ မြတ်စွာဘုရားဆံတော်ကို ရသေ့ကြီးနှင့်အတူ ကြပ်မတ် ဌာပနာသွင်း စေတီ တည်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ မွန်ဘာသာဖြင့် "ကျာက်ဗြဲ နာတ်"ဟု ခေါ်ဆိုခဲ့ကြောင်း မွန်သမိုင်းဟောင်းများက ဆိုကြသည်။ ထို့ပြင်လည်း တောင်ကို အဝေးကကြည့်လျှင် နဂါးမတစ်ကောင် ပါးပျဉ်း(အမောက်)ထောင်နေသကဲ့သို့ပင် မြင်ရသည်။ ထိုအကြောင်း ကြောင့်လည်း "ကျာက်ဂရင်း နာတ်" နဂါးမောက်တောင်ဟု ခေါ်ဆိုခဲ့ကြပြန်သည်။ "ကျိုက်ဗလင်း မွတ်နတ်" (Kyaik Bilin Mot Nat) ခေါ်ဆိုရခြင်း အကြောင်း ကား မြတ်စွာဘုရားသခင်ကို ကြည်ညိုလှသော ကာလဝဏ္ဏ နဂါးမင်း သည် မိမိမျက်စိတစ်ဖက်ကို အဓိဋ္ဌာန်ဖြင့် ထုတ်ယူလိုက်ရာ ရွှေကြုတ် တစ်ခု ဖြစ်လာသည်။ ရွှေကြုတ်အတွင်း ဘုရားရှင်ဆံတော်ကို ကိန်းဝပ် တော်မူစေပြီး ဇင်းကျိုက်ဘုရားတွင် ဌာပနာခဲ့သည်။ သို့ဖြစ်၍ "နဂါးမျက်စိကွင်း" ဘုရားဟု အဓိပ္ပာယ်ရသော မွန်ဘာသာဖြင့် "ကျာတ်ဗွင်မွတ်နာတ်" ခေါ်တွင်ကြောင်း ဆိုသည်။ ရှေးဟောင်း မွန်သမိုင်းများ၌ ဂဏ္ဍာဂီရိတောင် (သို့မဟုတ်) ကုလပဗ္ဗတတောင်ဟု ရေးသားဖော်ပြကြသည်ကို တွေ့ ရသည်။

## ကွမ်ဗိုင်းကျာက်

၂၄။ ရှေးအခါက ဂဏ္ဍာဂီရိတောင်၊ ကုလပဗ္ဗတတောင်၊ နဂါးမတောင် သို့မဟုတ် နဂါးမောက်တောင်ဟု ခေါ်တွင်ခဲ့သော ဆံတော်ရှင်ဘုရား တည်ရှိရာ ကုန်းမြေနှင့်တကွ တောင်ခြေကို ယခုအခါ ဇင်းကျိုက်

တောင်၊ ဇင်းကျိုက်ရွာ၊ ဇင်းကျိုက်ဘုရားဟူ၍သာ ခေါ်တွင်လျက်ရှိနေပေသည်။ ယင်းသို့ခေါ်တွင်လာရသည့် အကြောင်းမှာ တိသာ ဓမ္မသီဟရာဇာမင်းကြီးသည် မိမိ၏ ကောင်းမှုတော် စေတီမြတ်အား ပန်း၊ ဆီမီး၊ ရေချမ်း မပြတ်ကပ်လှူ ပူဇော်နိုင်ရန်နှင့် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် အိမ်ထောင်စု (၅၀)ကို အကြီးအမှူးပြုသူနှင့် တကွ ဘုရားတောင်ခြေ၌ ချရပ်နေထိုင်စေခဲ့သည်။ ယင်းတို့ နေထိုင်ရာ ဘုရားတောင်ခြေကို အစွဲပြု၍ မွန်ဘာသာဖြင့် "ကွမ်ဇိုင်းကျာက်"ဟု ခေါ်တွင်ခဲ့သည်။ မြန်မာဘာသာအားဖြင့် ကွမ်ကား = ရွာ၊ ဇိုင်းကား = အခြေ၊ ကျာက်ကား = ဘုရား "ဘုရားခြေရွာ"ဟုဆိုသည်။ ထိုရွာကို အစွဲပြု၍ တောင်ကို ဇင်းကျိုက်တောင်၊ ဘုရားကို ဇင်းကျိုက်ဘုရားဟူ၍ ခေါ်ဆိုလာခဲ့ကြသည်။ သို့ဖြစ်၍ ယခုအခါတွင် မူလ ကျိုက်ဇြင်းနတ် သို့မဟုတ် နဂါးမိန်းမဘုရား၊ နဂါးမတောင် အမည်ပျောက်ကာ ဇင်းကျိုက်ဘုရား၊ ဇင်းကျိုက်တောင် ဟူ၍သာ အသိများနေကြပေတော့သည်။

## ဇင်းကျိုက်ဆံတော်ရှင် စေတီတည်ရာဌာန

၂၅။ ဗုဒ္ဓမြတ်စွာဘုရားရှင် ဆံတော် ကိန်းဝပ်စံပယ်ရာ ဇင်းကျိုက် ဆံတော်ရှင်စေတီသည် မွန်ပြည်နယ်၊ သထုံခရိုင် ပေါင်မြို့နယ်တွင် ရှိသည်။ သထုံမြို့ တောင်ဘက် (၁၈)မိုင်ကွာရှိ မြင့်မားသော ဂဠာဂီရိ တောင်ထွတ်တွင် တည်ရှိသည်။ ဆံတော်ဘုရားတည်ရာ တောင်သည် ပေပေါင်း (၃၀၂၂) မြင့်သည်။ "ဇင်းကျိုက်တောင်၊ နွားလဘိုတောင်၊ ကုလားမတောင်"တို့သည် ပင်လယ်ပြင်ကို မျက်နှာမူသဖြင့် မိုးရေချိန်

လက်မ ၂၀၀ကျော်ထိ ရွာသွန်းပြီး ရေတံခွန်စိမ့်စမ်းတို့ ပေါများသည်။ ဇင်းကျိုက် ရေအားလျှပ်စစ်မှာထင်ရှားသည်။ ဖာလာပင်များ အလေ့ကျ ပေါက်ပြီး သစ်တောများ၊ ဒူးရင်း၊ ကနစို၊ တည်း စသော အဖိုးတန် သစ်တော အရင်းအမြစ်များနှင့် ဥယျာဉ်ခြံများ ရှိသည်။ ကျောက် ထုတ်လုပ်မှု လုပ်ငန်းလည်း ရှိသည်။ အဖြိုက်နက်နှင့် ဂူလ်ဖရမ် ဓာတ်သတ္တုများလည်း ထွက်ရှိသည်။ တောင်ခြေနှင့် ပင်လယ်အကြား လယ်ယာစိုက်ပျိုး ဖြစ်ထွန်းပြီး မြေသြဇာကောင်းသည်။ ညီညာ ပြန့်ပြူးသည့် လွင်ပြင်များ ရှိသည်။ ဇင်းကျိုက်တောင်ခြေတစ်လျှောက် ကျေးရွာများတွင် ကရင်၊ ပအိုဝ်၊ မွန်၊ မြန်မာ တိုင်းရင်းသားတို့ နေထိုင်လျက် ရှိကြသည်။ ဇင်းကျိုက်ရွာ အရှေ့ဘက် ကားလမ်း ခရီးအားဖြင့် (၆)မိုင်ခန့်ရှိပြီး ခြေကျင်ခရီးမှာ တစ်မိုင်ခွဲခန့် ရှိသည်။ မီးရထားဖြင့် သွားလျှင်လည်း ဇင်းကျိုက်ဘူတာမှ ဆင်း၍ တောင်ပေါ်သို့ တက်ရောက် ဖူးမြော်နိုင်သည်။ မော်တော်ကားဖြင့် သွားလျှင် မိုင်တိုင်အမှတ် (၁၆၇.၂)တွင် ဆင်းပြီး ခြသေ့်ကြီးနှစ်ကောင် မုခ်ဦး တန်ဆောင်း၊ လူသွားစကြီ လှေကားအတိုင်း တက်ရောက် ဖူးမြော်နိုင်သည်။ ကျောက်လှေကားထစ်ပေါင်း (၅၀၀၀)ကျော် ရှိရာ နေရာအချို့တွင် မတ်စောက်လှသဖြင့် အားပြုတက်ရန် သံပိုက် လက်ရန်းများကို တပ်ဆင်ထားလေသည်။ ထို့အပြင် ကားလမ်းပေါ်ရှိ ဖြူဘရွာ မိုင်တိုင်အမှတ် (၁၆၅.၂)မှ တောင်ပေါ်သို့ (မော်တော်ကား)ဖြင့် တက်ရောက် ကြည်ညိုနိုင်ပေသည်။

၂၆။ ဇင်းကျိုက်တောင်တန်းသည် တောင်နှင့်မြောက်သို့ သွယ်တန်း နေပါသည်။ အနောက်ဘက် အဆုံး မင်း(၁၀၁)ပါး၊ မြောက်ဘက်

သက်န်းတောင်၊ ကုလားမတောင် ရန်ကုန်–မော်လမြိုင် ပင်လယ်နှင့် ဆက်နေသော မြစ်သွယ်ဆိုင်ခေါင်ချောင်း စီးဆင်းလျက်ရှိသည်။ ဆံတော်ရှင်စေတီတော်ကို ရန်ကုန်–မော်လမြိုင်သွား မော်တော်ကား လမ်းဖြင့် ဖြစ်စေ၊ မီးရထားဖြင့်ဖြစ်စေ ကားပေါ်၊ ရထားပေါ်တို့မှ ဖူးမြော် ကြည်ညိုနိုင်သည်။ ရှေးအခါက လှေသင်္ဘောဖြင့် ခရီးသွားလျှင် ဇင်းကျိုက်ဆံတော်ရှင်ဘုရားကို ဦးတိုက်ဖူးမြော် ဆုတောင်းသွားပါက အန္တရာယ် မရှိ၊ ဘေးကင်းသည်ဟု ယုံကြည်ကြသည်။ ထိုအစဉ်အလာ ယုံကြည်မှုကို တောင်ငူခေတ် စစ်သည်စာဆိုမင်း ဇေယျရန္တမိတ်နှင့် ဟံသာဝတီခေတ် ဘုရင့်နောင်မင်းတရားကြီး၏ စာဆိုအမတ် နဝဒေးကြီး တို့က ယင်းတို့၏ ရတုများတွင် ထင်ရှားစွာ ဖော်ညွှန်း တင်ပြခဲ့ကြ ပါသည်။ ဒေသခံပြည်သူတို့ကလည်း ရေလမ်းခရီးသွားလျှင် ဆံတော်ရှင် ဘုရားကို ဦးတိုက် ပူဇော်ပြီးသွားသည့် ဓလေ့ကို ယခုတိုင် လိုက်နာ ဆောင်ရွက်လျက် ရှိကြောင်း သိရပေသည်။ ဇင်းကျိုက် ဆံတော်ရှင် ဘုရားသို့ တက်ရောက် ဖူးမြင်ဘူးသူတို့အနေဖြင့် တိမ်တိုက်ကြီးများ တောင်ခါးပန်းအလယ် တရွေ့ရွေ့ ပြေးလွှားရွေ့လျား နေကြပုံကို အံ့သြဖွယ် တွေ့မြင်ရမည် ဖြစ်သည်။ တိမ်ဖြူကင်းစင်သော အခါ သမယမျိုးတွင် ရွှေရောင်တဝင်းဝင်း တောက်ပလျက်ရှိသော ဆံတော်ရှင် စေတီတော်မြတ်ကို ကြည်ပြာရောင် မိုးကောင်းကင်အောက်တွင် ကြည်ညိုဖွယ် ဖူးမြော်ရမည် ဖြစ်ပေသည်။

## ထူးခြားမြင့်မြတ်သော ဇင်းကျိုက်တောင်

၂၇။ ဇင်းကျိုက်တောင်မြတ်သည် ဘုရားရှင် မပွင့်ပေါ်မီကပင် လူဝိဇ္ဇာ၊

နတ်ဝိဇ္ဇာတို့ သိဒ္ဓိ၊ ဣဒ္ဓိအလို့ငှာ ဝိဇ္ဇာကျင့် ကျင့်ကြံ အားထုတ်ရာ ဌာန ဖြစ်ခဲ့သည်။ နတ်နဂါးတို့ ပျော်မြူးကျက်စားရာ ဒေသလည်း ဖြစ်သည်။ လောကီလူ့ဘောင်ကို ငြီးငွေ့၍ တောရပ်ခိုမှီ ရိပ်ကြီးခိုဝင် မြတ်တရားရှာ ကမ္မဋ္ဌာန်း ဘာဝနာအားထုတ်လိုသူ ရသေ့၊ သူတော်စင်တို့ သီတင်းသုံး နေထိုင်ရာ ဌာနလည်း ဖြစ်သည်။ ရာမညတိုင်း သုဝဏ္ဏဘူမိ ရွှေလိုလှသည့်မြေသည် စစ်တောင်းမြစ်နှင့် သံလွင်မြစ်အကြား မိုင်(၁၀၀)ကျော် ရှည်လျားသော တောင်မြောက် ရှိနေသည့် မုတ္တမ ကမ်းမြောင် ဒေသအတွင်း တောင်တန်း၊ တောင်စွယ်၊ တောင် အသွယ်သွယ်တို့တွင် ဖင်းကျိုက်တောင်သည် အမြင့်ဆုံးဖြစ်သည်။ ထိုအကြောင်းကြောင့်လည်း မုတ္တမမင်းကြီး မဟာသီဟသူက "တိုင်းရာမည၊ မုတ္တမ၏ ဆန်ကြွမြောက်ညာ၊ တောင်တကာ ဝယ်၊ ရတနာဗဟို၊ မြင့်မိုရ်မယွင်း၊ တောင်မြင့်သွန်း"ဟုလည်းကောင်း၊ ထိုနည်းတူ ပြည်နဝဒေးကြီးက "မြင့်မိုရ်နှင့်သာ၊ တောင်တကာလည်း၊ နှိုင်းရာမဲ့ဘူး၊ သွယ်မြင်ဖြူးသား" ဟူ၍လည်းကောင်း တောင်၏ မြင့်မားပုံကို မြင့်မိုရ်တောင်နှင့် နှိုင်းယှဉ်ပြဆိုခဲ့ကြလေသည်။

၂၈။ ဖင်းကျိုက်တောင်တော်မြတ်တွင် တိဿကု မာရ ရသေ့ကြီးသည် တောထွက်၍ ဈာန်အဘိညာဉ်ရသည်အထိ ကမ္မဋ္ဌာန်း ဘာဝနာတရား အားထုတ်နေထိုင်ခဲ့သည်။ ရသေ့ကြီးကျေးဇူးဂုဏ်ကြောင့် ဘုရားရှင် ဆံတော်ကို လူနတ်ဗြဟ္မာသတ္တဝါအပေါင်း များစွာတို့ ဖူးမြော်ကြည်ညို ခွင့်ရခဲ့သည်။ မနုဟာမင်းလက်ထက်ဗျတ်ဝိ၊ ဗျတ္တ သူရဲကောင်းညီနောင်တို့ မြေလျှိုးမိုးပျံ တန်ခိုးသိဒ္ဓိနှင့် ပြည့်စုံခြင်းမှာ ဘားမဲ့ ဘုန်းတော်ကြီး ကြောင့်ဖြစ်သည်။ ဤဖင်းကျိုက်ဒေသတွင် ဘားမဲ့ကျောင်း၊ ဗျတ်ဝိ၊

ဗျတ္တစေတီ(ဝိဇ္ဇာညီနောင်)ဘုရားတို့မှာမူ ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ ဇင်းကျိုက်ဆံတော်ရှင်မှ မင်း(၁၀၁)ပါး တောင်ထိ တောင်တန်းတစ်လျှောက်ဝယ် ဗျတ်ဝိ၊ ဗျတ္တတောင်၊ အောင်သိဒ္ဓိတောင်၊ ဂမုန်းတောင်၊ ဆိပ်မင်းတောင်၊ နတ်ရေတွင်းတောင်ဟူ၍ ယနေ့ထိ တည်ရှိနေပါသည်။ ထို့ကြောင့်လည်း ဇင်းကျိုက်တောင်သည် ထူးခြားမြင့်မား ထင်ပေါ်ကျော်ကြားလူသိများသည့် နေရာဌာန ဖြစ်နေရပေသည်။ ယနေ့တိုင် ထွက်ရပ်ရာမှီးသူ ဂန္ဓာရီပုဂ္ဂိုလ်တို့နှင့် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်ရင်း အောက်၌ ဆိတ်ငြိမ်စွာ ကမ္မဋ္ဌာန်းတရား အားထုတ်လိုသူသူတော်စင် သူတော်မြင်္တို့ သီတင်းသုံးပျော်မွေ့ရာဒေသဖြစ်နေ၍ တောစခန်း၊ ဂူရိပ်သာစခန်းများကို ယနေ့တိုင်တွေ့မြင်ကြရမည်ဖြစ်သည်။ သို့ဖြစ်၍ ဇင်းကျိုက်တောင်သည် ခေတ်ဦးမွန်တို့၏အသည်းနှလုံးပင်ဖြစ်သည်ဟု ဆိုခဲ့ကြခြင်း ဖြစ်ပေသည်။

## သမိုင်းထင်ပေါ် ရွှေဇင်းကျိုက်ဆံတော်ရှင်စေတီတော်

၂၉။ ဇင်းကျိုက်ဆံတော်ရှင်စေတီသည် သမိုင်းတစ်လျှောက်တွင် တိမ်မြုပ်ပျောက်ကွယ်ခြင်းမရှိ ထင်ပေါ်ခဲ့သည်။ ရာမညတိုင်း သုဝဏ္ဏဘူမိပြည့်ရှင် မင်းအဆက်ဆက်က ဆံတော်ရှင်ဘုရားကို ဆက်ခံထိန်းသိမ်းခဲ့သည်။ သထုံမင်းဆက်တို့တစ်စတစ်စ တိမ်မြုပ်ပျောက်ကွယ်ချိန်တွင် ဟံသာဝတီ (ပဲခူး)မွန်မင်းဆက်များ ပေါ်ထွန်းလာခဲ့သည်။ ထိုဟံသာဝတီ(ပဲခူး) မွန်မင်းအဆက်ဆက်တို့ကလည်း ဇင်းကျိုက်ဆံတော်ရှင်အပါအဝင် ဆံတော်ရှင်ဘုရားများကို ဆက်ခံထိန်းသိမ်းခဲ့ကြသည်။ ဟံသာဝတီ (ပဲခူး)မွန်မင်းဆက်များ တိမ်ကော

ပပျောက်သွားသောအခါ မြန်မာမင်းများက ဤဆံတော်ရှင် ဘုရားစေတီများကို အခါအားလျော်စွာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြုခဲ့ကြပြန်သည်။ အထူးသဖြင့် ဘိုးတော်မင်းတရားကြီးလက်ထက် မုတ္တမစားသိရီမဟာ သီဟသူရဘွဲ့ရ မုတ္တမမင်းကြီး၏ ကျေးစေရတုကွင် ဗြင်းနတ်ဘုရားဟု တွေ့ရသည်။ အဆိုပါရတုတွင် "လနေသိန်းသန်း၊ ပြိုင်လှာထွန်းလည်း၊ ထွက်စွန်း ရှေ့မှောက်၊ ဆံကော်ရောက်က၊ မြုပ်ပျောက်ရောင်ဝါ၊ မနီးကွာလိမ့်၊ အာကာတိမ်ထွက်၊ ရောင်ခြည်လွှတ်လျက်၊ ပတ်ပတ်ထန်ပြင်း၊ နေ့ညဥ့် လင်းသည်၊ ကောင်မင်းကောင်းကင် ထွတ်ချာသော်"ဟူ၍ကြည်ညိုစဖွယ် ဖူးမြင်ရပုံကို မှတ်ကမ်းတင်ခဲ့သည်။

၃၀။ ဤဇင်းကျိုက်တောင်မှ ကံဝိဇ္ဇာလူစွမ်းကောင်းများ၊ မြေလျှိုးမိုးပျံ ဘုန်းတန်ခိုးပြည့်ဖြိုးသူများ ပေါ်ထွန်းခဲ့သည်။ ဝိဇ္ဇာပဌာန်းဆက်မှန်၍ ဂုဏ်(၉)ပါးနှင့် ဘား(၉)ဘားလည်း ဤဇင်းကျိုက်တောင်တွင် အခြေပန္နက် အကြောင်းဆက်ခဲ့ကြသည်။ ရသေ့သူမြက်အဆက်ဆက်လည်း မပြတ် နေထိုင်ခဲ့သည်။ ထိုအကြောင်းကြောင့်လည်း ဇင်းကျိုက်ဆံတော်ရှင် ဘုရားစေတီသည် ကာလကြာရှည်ပျောက်ကွယ်ခြင်းမရှိဘဲ ရှေး မွန်ရာဇဝင်များ၊ သမိုင်းဟောင်းမှတ်တမ်းများ၊ ကျောက်စာများနှင့် ရတုစာပေများတွင် တစ်နည်းမဟုတ်တစ်နည်း ဆက်နွယ်ပါဝင်နေကြောင်း တွေ့ရခြင်း ဖြစ်ပေသည်။ ဤသို့ ဇင်းကျိုက်ဆံတော်ရှင်ဘုရားတည်ရာဌာနသည် တောတောင်ရေမြေအံ့ဖွယ်အထွေထွေနှင့် ပြည့်စုံသည့် တောင်ထူးတောင်မြတ်ဖြစ်၍ သမိုင်းစဉ်တစ်လျှောက် ထင်ပေါ်ကျော်ကြားခဲ့ရခြင်းပင် ဖြစ်ပေသည်။

## ဟံသာဝတီတည်ထောင် သမလ၊ ဝိမလညီနောင်

၃၁။ သုဝဏ္ဏဘူမိပြည် ဓညဝတီမြို့ ဘိန္နဂင်္ဂါမင်းနှင့် ဝိမလဒေဝီတို့က သမလ၊ ဝိမလ ညီနောင်ကိုဖွားမြင်ခဲ့ကြသည်။ ဝိမလဒေဝီ မိဖုရား၏ မိခင်ကား သုဘာဂီနဂါးမ ဖြစ်သည်။ ဇင်းကျိုက်တောင်တွင် ဝိဇ္ဇာဓိုရ်နှင့် ပေါင်းသင်းနေထိုင်ခဲ့ရာမှ နဂါးဥကိုချထားခဲ့သည်။ ထိုနဂါးဥကို ဇင်းကျိုက်တောင်နေ လောမရသေ့ကြီးက ကောက်ယူထားရာမှ ဝိမလဒေဝီကို ဖွားမြင်ခဲ့သည်။ ခမည်းတော်မင်းကြီးသည် သမလ၊ ဝိမလညီနောင်တို့အား နဂါးမျိုးနွယ်များဖြစ်ကြ၍ အရွယ်ရောက်ချိန်တွင် ထီးမွေနန်းမွေကို မပေးလိုသဖြင့် ဘိုးတော် လောမရသေ့ထံသို့ ပို့လွှတ်ခဲ့လေသည်။ ဘိုးတော်ရသေ့ကြီးသည် ညီနောင်နှစ်ပါးတို့၏ ဇာတာကို ကြည့်ရှုစစ်ဆေးသည်တွင် ဤအရပ်ဒေသ၌ ကြီးပွားတိုးတက်မည်ကိုမမြင်သဖြင့် နောင်ဟံသာဝတီပြည်ကြီး(ပဲခူး)ဖြစ်ထွန်းပေါ်ပေါက်လာမည့် အနောက်အရပ်ရှိ ကုန်းမြေဒေသသို့ သွားရောက်နေထိုင်ကြပါက ကြီးကျယ်မြင့်မားသော သာသနာပြုမင်းများဖြစ်မည်ကို မြင်တော်မူသောကြောင့် အနောက်အရပ်သို့ သွားရောက်နေထိုင်ကြရန် ညွှန်ကြားပြောဆိုခဲ့လေသည်။ သို့ဖြစ်၍ သမလ၊ ဝိမလညီနောင်တို့သည် သက္ကရာဇ် ၁၈၇ ခုနှစ်(အေဒီ–၈၂၅)တန်ဆောင်မုန်းလတွင် နောက်ပါအခြွေအရံ ၁၇၀ တို့ကိုခေါ်ဆောင်ပြီး ဝါးဖောင်များဖြင့် ဇင်းကျိုက် တောင်ခြေမှ ထွက်ခွာခဲ့ကြလေသည်။ ဤသို့ဖြင့်သုဝဏ္ဏဘူမိပြည်က ဇင်းကျိုက်သား သမလ၊ ဝိမလညီနောင်တို့သည် မင်းဆက်ပေါင်း (၃၉)ဆက်တိုင် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုတိုးတက်ထွန်းကားသော ဟံသာဝတီ(ပဲခူး)

ပြည်ကြီးကို ရေးဦးတည်ထောင်သွားခဲ့ကြောင်း ရေးဟောင်း မွန်ရာဇဝင် ဥပ္ပန္နဝံသကထာနှင့် ဦးရွှေနော်၏ မွန်ရာဇဝင်နှင့် ဘုရားသမိုင်းပေါင်းချုပ်တို့တွင် လေ့လာမှတ်သား တွေ့မြင်ဖတ်ရှုရပေသည်။ ထိုအကြောင်းကြောင့် ယနေ့ထိမွန်မြန်မာဟူသောစကားမပျောက်ပျက်ခဲ့ပေ။ ထို့အတူ မွန်သုံးရပ်ဖြစ်သော ရာမည၊ သုဝဏ္ဏ၊ ဥဿာဟူ၍ တည်ရှိခဲ့ပေသည်။

## ဇျတ်ဝိ၊ ဇျတ္တ ဝိဇ္ဇာညီနောင်

၃၂။ သထုံနေပြည်တော်၏ နောက်ဆုံးမင်းဆက်ဖြစ်သော မနုဟာမင်း (အေဒီ–၁၀၅၆)၏ဆရာ ဘားမဲ့ဆရာတော်ကြီးသည် ဇင်းကျိုက်တောင်၌ သီတင်းသုံးနေထိုင်သွားခဲ့သည်။ အိန္ဒိယဘက်မှ သင်္ဘောပျက်၍ မျောပါလာသော ကုလားညီနောင်တို့သည် သုဝဏ္ဏဘူမိ ဇင်းကျိုက်တောင်ကမ်းခြေအနီးသို့ ဆိုက်ရောက်လာသဖြင့် ဘားမဲ့ဆရာတော်ကြီးက တွေ့ရှိပြီး ကောက်ယူကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။ ယင်းတို့ကိုလည်း ဇျတ်ဝိ၊ ဇျတ္တဟု အမည်ပေးခဲ့သည်။ ဘားမဲ့ဆရာတော်ကြီးသည် လောကီပညာကိုလိုက်စားသဖြင့် အင်းအိုင်၊ ခါးလှည့်၊ ဆေးဝါး မန္တရားဘက်တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်ခဲ့သည်။ ဇျတ်ဝိ၊ ဇျတ္တ ညီနောင်တို့သည် ဘားမဲ့ဆရာတော်ကျောင်းတွင် နေထိုင်ရင်း တစ်နေ့သောအခါ ဇော်ဂျီဖိုဝင်သားကို စားရသောကြောင့် လူစွမ်းကောင်းများဖြစ်ခဲ့ကြသည်။ မြန်မာရာဇဝင်တွင်လည်း ဇျတ်ဝိ၊ ဇျတ္တ ဇော်ဂျီဖိုဝင်သားစားရ၍ လူစွမ်းကောင်းများဖြစ်လာရကြောင်းကို အထင်အရှား ရေးသားဖော်ပြခဲ့သည်။ ဇျတ်ဝိ၊ ဇျတ္တတို့သည် လူဝိဇ္ဇာများဖြစ်ကြ၍ ယခုတိုင် ဇင်းကျိုက် တောင်ပေါ်၌ ဝိဇ္ဇာညီနောင်

ဘုရား စေတီနှစ်ဆူ တည်ရှိနေသည်။ ဘားမဲ့ကျောင်းတော်ရာနှင့် ဗျတ်ဝိ၊ ဗျတ္တ ဝိဇ္ဇာညီနောင်တို့၏ ဂူနေရာလည်းရှိနေပေသည်။ ဤ တောင်တော်ပေါ်တွင် လောကီ လောကုတ္တရာ နှစ်ဖြာသောအကျင့် ရှုတင်ကမ္မဋ္ဌာန်း၊ တောတောင် ရေမြေ၊ မိုးလေနေလကျော်လွှား လွန် မြောက်သည်အထိ အကျင့်ကြီးသည့် ပုဂ္ဂိုလ်များလည်း ရှိခဲ့သည်။ ယနေ့ထိ ကိုးနဝင်းဂုဏ်မြောက် ဘား(၉)ဘား ဘွဲ့ကိုလည်းရခဲ့ကြသည်။

## ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းမှု

**၃၃။** ဇင်းကျိုက်ဆံတော်ရှင်စေတီတော်ကို မဟာသက္ကရာဇ်–၁၁၂ ခုနှစ်တွင် တည်ဆောက်ခဲ့သော်လည်း ပရိယတ္တိသာသနာ သုဝဏ္ဏဘူမိ တွင် အခြေမတည်နိုင်ခဲ့သေးသဖြင့် ဘုရားရှင်ဆံတော်၊ သွားတော်၊ **ဓာတ်စေတီတော်တို့မှာ** ကာလရှည်စွာကိုးကွယ်မှုမရှိ၊ပြုပြင်မည့်သူ မဲ့ကာ တောချုံလွှမ်း၍ ညှိုးနွမ်းပျောက်ကွယ်နေခဲ့ရသည်။ သာသနာ ၂၃၆ ခုနှစ်တွင် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့သည် နောက်ပါ ပစ္စယသမဏသုံးပါးနှင့်အတူ သုဝဏ္ဏဘူမိသို့ သာသနာပြု ရောက်ရှိလာခဲ့သည်။ ထိုအရှင်တို့သည် ရှေးဦးစွာ ဂဠာဂီရိတောင် (ဇင်းကျိုက်)သို့ ရောက်ရှိ သီတင်းသုံးကျိန်းစက်တော်မူသည်။ နံနက် မိုးသောက်အခါ၌ ပစ္စယသမဏ အရှင် အနုရုဒ္ဓမထေရ်မြတ်သည် ဤ နေရာတွင် ရှေးကဘုရားဆံတော် ကိန်းဝပ်စံပယ်ရာစေတီဟောင်း တစ်ဆူ ရှိနေကြောင်း ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် သိမြင်တော်မူသည်။ ထိုစေတီမှာ တောချုံတို့အောက်တွင် ပျောက်ကွယ်လျက်ရှိနေသည်။ ရဟန္တာအရှင်မြတ်တို့သည် ခုနစ်တောင်ခန့် ကြွင်းကျန် တည်ရှိနေသော

စေတီအား လက်ယာရစ်လှည့်၍ ဖူးမြော်ကြည်ညိုကြလေသည်။ ဆိုအခါ ဘုရားရှင်ဆံတော် တန်ခိုးတော်ကြောင့် ရောင်ခြည်တော် ခြောက်သွယ် တို့သည် ကွန့်မြူးပေါ်ထွက်၍ လာလေသည်။ ထို့အကြောင်းကို သုဝဏ္ဏဘူမိပြည့်ရှင် သီရိမာသောက (ငယ်)မင်းအား ညွှန်ပြ ပြောဆို လေသည်။

၃၄။ သီရိမာသောက(ငယ်)မင်းကြီးသည် မှူးမတ်၊ ဗိုလ်ပါ ပရိသတ်များစွာတို့ဖြင့် ဂဠာဂီရိ(ဇင်းကျိုက်)တောင် ဆံတော်ရှင် ဘုရားသို့ထွက်၍ စေတီတော်အား ဖူးမြော်ကြည်ညိုသည်။ ထိုအခါ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် တစ်ခဲနက် ကွန့်မြူး ထွက်ပေါ်၍လာသဖြင့် ကြီးစွာသော သဒ္ဓါစေတနာစိတ်သည် ဖြစ်ပေါ်၍ လာလေသည်။ ဆံတော်အား အသင့်ဆောင်ယူလာသော ရွှေသော်တွင် တင်၍ ဌာပနာတိုက်ခန်းကို စီရင်တော်မူသည်။ ဘုရားရှင် ဆံတော် ဓာတ်အား ပဏ္ဍာမြားကြုတ်တွင် ထည့်သွင်းပြီး ရွှေသော်တွင်တင်ကာ ဌာပနာပြု၍ ဉာဏ်တော်(၁၈)တောင်ရှိ စေတီတော်ကို အသစ်တစ်ဖန် ပြုပြင် တည်ဆောက်ခဲ့လေသည်။ သို့ဖြစ်၍ ဇင်းကျိုက် ဆံတော်ရှင် စေတီတော်မြတ်သည် နှစ်ပေါင်း ၃၀၀ ကျော်ကြာ တိမ်မြုပ် ပျောက်ကွယ် လျက် ရှိနေရာမှ ပြန်လည်၍ တန်ခိုးတေဇော် ပွင့်ပေါ်၍ လာခဲ့ရပေသည်။

## ဓမ္မစေတီမင်းမြတ်၏ ပြုပြင်တည်ဆောက်မှု

၃၅။ မြတ်စွာဘုရားသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား ရေးကို အလေးထားဆောင်ရွက်ခဲ့သော သာသနာပြု မင်းမြတ်တစ်ပါးဖြစ်သည့် ရာဇာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းကြီး(အေဒီ–၁၄၇၂–၁၄၉၂)သည် ရာမည

တိုင်းအတွင်း အသစ်အသစ်သော ဘုရားစေတီများကို ပြန်လည်မွမ်းမံတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဇင်းကျိုက်ဆံတော်ရှင်စေတီတော်မြတ်အား ယခုအထိ ခရီးလမ်းသာအောင် ပြုပြင်တည်ဆောက်ခဲ့သည့် ဒါယကာကား ခမ္မစေတီမင်းကြီးပင်ဖြစ်သည်။ သက္ကရာဇ် ၈၂၈ ခုနှစ် တန်ခူးလပြည့်နေ့တွင် စေတီတော်ကို ဉာဏ်တော် (၃၆)တောင်အထိ မြှင့်တင်တည်ဆောက်ခဲ့ပြီး ရွှေထီးတော် အသစ်တင်လှူခဲ့သည်။ ရွှေသင်္ကန်းကိုလည်း ကိုယ်လုံးပြည့် ကပ်လှူ ပူဇော်ခဲ့လေသည်။ ဘုရားဝတ္တက မြေကိုလည်း တစ်မျက်နှာလျှင် တာ-၂၅၀၀ အထိ သတ်မှတ်ပေးခဲ့သည်။ စေတီတော်သို့ အလွယ်တကူရောက်ဖူးမြော်ကြည်ညိုနိုင်ရန် တောင်ခြေမှစေတီတော်ရင်ပြင်ပေါ်အထိ လမ်းကိုခက်ခဲစွာ ဖောက်လုပ်ခဲ့သည်။ လမ်းဖောက်လုပ်ရန် မှူးမတ်တို့နှင့်တိုင်ပင်စဉ် တစ်ညဉ့်၌ နတ်သားတစ်ဦးသည် မြွေကြီး တစ်ကောင်အသွင်ဖန်ဆင်းလျက် ဆံတော်ရှင်စေတီရင်ပြင်မှ အနောက်တောင်အရပ်သို့ လျှောဆင်းပြီး လမ်းအူကြောင်းတစ်ခုကို ညွှန်ပြပေးခဲ့သည်။ နံနက်မိုးသောက်တွင် အဆိုပါလမ်းအူကြောင်းကို မြင်ကြရကုန်သည်တွင် အံ့သြဝမ်းမြောက်ခြင်း ဖြစ်ကြရလေကုန်၏။ ဤသို့ဖြင့် မှူးမတ်၊ ဗိုလ်ပါတို့သည် ဘုရားလမ်းကို တာဝန်ခွဲဝေယူကာ ဖောက်လုပ်ခဲ့ကြလေကုန်သည်။

၃၆။ ဓမ္မစေတီမင်းကြီးသည် ရာမညတိုင်းအတွင်း သိမ်ပေါင်း(၃၉၇) သိမ်ကို တည်ဆောက်သမုတ်ပေးခဲ့ကြောင်း ပဲခူးကလျာဏီ ကျောက်စာတွင် လေ့လာတွေ့ရှိရသည်။ အဆိုပါသိမ်များအနက် ယင်းငြိမ်(ယခုပေါင်မြို့နယ်)၌ သိမ်နှင့်“ဓောင်ကျာက်လွှင်းနာတ်” သိမ်နှစ်လုံးသမုတ်

ခဲ့သည်။ ယင်းငြိမ်သည် ထိုစဉ်က မုတ္တမ(၃၂)မြို့တွင် ပါဝင်ခဲ့သည်ဖြစ်၍ ဓမ္မစေတီ ခေတ်က ကျိုက်ဗြင်းနတ်(ဇင်းကျိုက်)ဘုရားသည် ယင်းငြိမ်မြို့ အပါအဝင်ဖြစ်ခဲ့လေသည်။အဆိုပါ"ဓောင်ကျာဗွင်းနာတ်သိမ်"သည် ကျိုက်ဗြင်းနတ်ဘုရားသိမ်ဟု ညွှန်းဆိုသည်ဖြစ်၍ ဤကျိုက်ဗြင်းနတ် (ဇင်းကျိုက်)ဘုရားတွင် ဓမ္မစေတီမင်းကြီး သမုတ်သည့်သိမ်သည် ရှိနေကြောင်း ထင်ရှားသည့် အထောက်အထားတစ်ရပ်ပင်ဖြစ်သည်။ ဘုရားအနီး သိမ်သမုတ်သည်ကိုထောက်၍ ထိုစဉ်အခါက ကျိုက်ဗြင်းနတ် (ဇင်းကျိုက်)ဘုရားဝန်းကျင်တွင် ပရိယတ်ဝန်ဆောင် ရဟန်းသံဃာတော်များ သီတင်းသုံးနေထိုင်လျက် ရှိကြောင်း မှတ်ယူနိုင်ပေသည်။

၃၇။ ဇင်းကျိုက်ဆံတော်ရှင်ဘုရား အနောက်တောင်ဘက်အဆင်း ခုလတ်တွင် သိမ်တစ်လုံးကိုတွေ့ရသည်။ နောက်ပိုင်း ပြန်လည် တည်ဆောက်ထားခြင်းဖြစ်၍ သိမ်သမုတ်တိုင်များမှာ သည်ဘက်ခေတ် ပြန်လည်တည်ဆောက်စဉ်က စိုက်ထူထားဟန်တူသည်။ သို့သော် တွေ့ရှိရသောအုတ်တို့မှာ ပဲခူးကလျာဏီ–နာရဏီနှင့် နာဂဝံသိမ်များ၌ တွေ့ရသည့်အုတ်အမျိုးအစားများ ဖြစ်သည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ကလျာဏီကျောက်စာပါ"ဓောင်ကျာက်ဗွင်းနာတ်သိမ်"ဟူသော ဗြင်နတ်ဘုရားသိမ်"အမည်အရလည်းကောင်း၊ ကျိုက်ဗြင်းနတ်ဘုရား အနီးအပါးတွင် တည်ရှိနေ၍ လည်းကောင်း၊ ဤမျှမြင့်မားလှသော နေရာဌာနတွင် ဓမ္မစေတီခေတ် သမုတ်သောသိမ်များမှ အုတ်ဟောင်း များကို တွေ့မြင်ရ၍လည်းကောင်း ဤသိမ်သည် ဓမ္မစေတီမင်း၏ "ဓောင်ကျာက်ဗွင်းနာတ်သိမ်"ပင် ဖြစ်တန်ရာသည်ဟု တွေးဆရ ပေသည်။

## ဘုရင့်နောင်ခေတ် ကျိုက်ဖြင်းနတ်

၃၈။ ကျိုက်ဖြင်းနတ်(ဖခင်းကျိုက်)ဆံတော်ရှင်ဘုရားသည် ဟံသာဝတီခေတ် ဘုရင့်နောင် လက်ထက်တော်အခါတည်းက ထင်ရှား ရှိခဲ့ကြောင်းကို စာဆိုနဝဒေးကြီးနှင့် မင်းဧယျကျော်ရန္တမိတ်တို့၏ ရတုများအရသိရ၏။ ဧရး (ပြိတ်)ဘိတ်၊ ထားဝယ်၊ ယိုးဒယား(ထိုင်း)သို့ စစ်ချီရာတွင် ဤအရပ်ကို ဖြတ်သန်းသွားခဲ့ရပေသည်။ ဖြင်းနတ် ဆံတော်ရှင်ဘုရားအား တစ်ကြိမ်မဟုတ် တစ်ကြိမ်တွင် ဘက်ရောက်ကြည်ညိုဖူးမြော်ကြပေမည်။ ဘုရင့်နောင်သည် မဟာစေတီ- မဟာဝိဇယ (ဘုရားကြီးရွာ)စေတီများကို အသစ်တည်ဆောက်သကဲ့သို့ ရွှေတိဂုံ၊ ရွှေမော်ဓော၊ ကျိုက်ထိုကျိုက်ထီးရိုးစေတီများ ပျက်စီးယိုယွင်းနေသည်ကို ပြန်လည်တည်ဆောက်ခဲ့သည်။ ထိုစဉ် ဖြင်းနတ်ဆံတော်ရှင်ဘုရားသည် ပျက်စီးယိုယွင်းသည်ကို မတွေ့ရ၍ ကောင်းမွန်စွာရှိကြောင်း ခန့်မှန်းတွက်ဆရသည်။ စာဆိုနဝဒေးကြီး၏ "မြင့်မိုရ်နှင့်သာချီ"နှင့်" ကျော်စောလှည့်ရာချီ"ရတုများအရ ဆိုစဉ်က ဖြင်း နတ်ဆံတော်ရှင်ဘုရား၏ အခြေအနေကို ရိပ်စားမိနိုင်ပေသည်။

**"သိကြားဗိမာန်၊ ဝေဇယန်၏၊ ထိပ်စွန်အဖျား၊ ပတ္တမြားနှင့် များများမဝေး၊ တဖြေးတည်းပင်၊ တိမ်မြူစင်က၊ မြင်တုံတပ်တပ်၊ လျှပ်လျှပ်ညီးညီး၊ ဘုန်းမီးစက်ပတ်၊ ကေသာဓာတ်"**

ဖြင်းနတ်ဆံတော်ရှင်ဘုရားသည် တောင်ထွတ်တောင်ဖျားတွင် သိကြားမင်းစံရာ ဝေဇယန္တနန်းပြာသာဒ်ကဲ့သို့ တဝင်းဝင်းကလျှပ်လျှပ်ထွန်းလင်းတောက်ပလျက် ရှိကြောင်းကို လည်းကောင်း။

"လျှပ်သွင်စကြာ၊ အဝါညီးညီး၊ ဆောင်ထီးကိုယ်ပါ၊ ကြား
နားပန်းတင်၊ ခုံမြင်ကြွားကြွား၊ ပျံသွားဖွယ်လီ၊ ထင်မိမူးမော်၊
ဆံရှင်ကျော်ကို၊ ရွှေလျော်ချပ်လွှာ၊ မြညာလျှံဖြိုး၊ သာနိုးခိုင်ဖြည့်၊
ညှည့်သည်ပျူပုဟာ၊ ကွမ်းယာလက်ဖက်၊ ရှိပန်ဆက်၍"

ဟူသော စကားရပ်အရ တောင်ထွတ်တောင်ဖျားတွင်ရှိသော ဆံတော်ရှင် စေတီတော်မှာ လွန်စွာမြင့်မားလှသည်ဖြစ်၍ ပျံကြွ သွားလုမတတ် ထင်မှတ်မှားရပုံ၊ မျက်စိသီဝေ မူးမော်လောက်အောင် ရှိရပုံနှင့် ပန်းဆီမီး ကွမ်းယာလက်ဖက်တို့ဖြင့် ပူဇော်ခဲ့ပုံကိုထောက်၍ ဇြင်း နတ်ဆံတော်ရှင် ဘုရား၏ ထိုစဉ်က တည်ရှိပုံအခြေအနေကို မှန်းဆ နိုင်ပေသည်။

## အနောက်ဘက်လွန်မင်းလက်ထက် အခြေအနေ

၃၉။ စာဆိုမင်းဧယျရန္တ မိတ်၏ "တာဝတိံသာ" ချီ ဘုရားတိုင်ရတု အရ အနောက်ဘက်လွန်မင်း (အေဒီ–၁၆၀၅–၁၆၂၈)လက်ထက်တော် အခါ ဇြင်းနတ်ဘုရား၏ အခြေအနေကို ခန့်မှန်းတွက်ဆ၍ ရနိုင်ပေသည်။

"စက်ဝါညီးညီး၊ ဆောင်ထီးမျက်ပွင့်၊ ခုံမြင့်ဗိမာန်၊ ကြာပြန်
ကြာသွန်း၊ ပျံဘနန်းတည်၊ ထွက်စွန်းဥကင်၊ ဆံတော်ရှင်ကို၊
ကြည်လင် စက်အောက်၊ ဖူးရရောက်သော်၊ ပေါက်ပေါက်
ပန်းထီး၊ ထွန်းညီ တန်ဆောင်၊ မစောင်ရည်ခင်၊ သဇင်ခိုင်
မြောက်၊ စစ်သည်လျှောက်ဖြင့်"

ဟူသောစကားအရ မင်းဧယျရန္တမိတ်သည် ဇြင်းနတ် ဆံတော်ရှင်ကို သဇင်ပန်း၊ ဆီမီးတန်ဆောင်၊ ပန်းပန်းပေါက်ပေါက်တို့ဖြင့် ဖူးမြော် ကြည်ညိုခဲ့ပုံကို တွေ့ရသည်။ တစ်ဖန် သာလွန်မင်းလက်ထက် ဇမ္ဗူ

ဒီပဥ်းဆောင်ကျမ်းတွင်လည်း ဇင်းကျိုက်ဘုရားကို တွေ့ရပြန်သဖြင့် ညောင်ရမ်းခေတ်တွင် ကျိုက်ဖြင်းနတ်ဆံတော်ရှင်သည် ထင်ရှားဖွယ် ရှိနေခဲ့ကြောင်း မှန်းဆရပေသည်။

## ကုန်းဘောင်ခေတ် ဇင်းကျိုက်ဆံတော်ရှင်

၄၀။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား၏–၁၁၄၆ ခု မုတ္တမစစ်တမ်း တွင် ဇင်းကျိုက်ဘုရားဟူ၍ တွေ့ရသည်။ ၁၁၇၅ ခုနှစ် မုတ္တမမြို့စား သီရိမဟာသီဟသူဘွဲ့ခံ မုတ္တမမင်းကြီး၏ ကျေးစေရတုများတွင် "ဖြင်းနတ်ဘုရား"ဟု တွေ့ရသည်။

"သာစနုပျို၊ ချောင်းရေညိုနှင့်၊ မြင့်မိုရ်သဏ္ဍာန်၊ တောင်ထိပ်စွန်ထက်၊ ဘုန်းဝှန်စိန္တေ၊ ဖြင်းနတ်မွေ့ဝယ်၊ ရိုသေညွတ်နူး၊ တည၌ဖူးမှ"ဟူ၍ လည်းကောင်း၊

"တိုင်းရာမည၊ မုတ္တမ၏၊ ဆန်ကြွမြောက်ညာ၊ တောင်ပြာပြာဝယ်၊ ရတနာဗဟို၊ မြင့်မိုရ်မယွွန်း၊ တောင်မြင့်သွန်းထက်၊ လွတ်ကျွန်း သရေ၊ ဖြင်းနတ်မွေ"

ဟူ၍လည်းကောင်း၊ ဖြင်းနတ်ဘုရား၏ တည်ရာဌာနနှင့် တည်နေပုံကိုတွေ့ရသည်။ ထိုကာလတွင် ဖြင်းနတ်ဘုရားသည် အသရေတော် တောက်ပသစ်လွင်လျက် ကြည်ညိုဖွယ် သပ္ပာယ်လှပုံကိုလည်းကောင်း၊ "လနေသိန်းသန်း၊ ပြိုင်လျှာထွန်းလည်း၊ ထွက်စွန်ရှေ့မှောက်၊ ထံတော် ရောက်က၊ မြုပ်ပျောက်ရောင်ဝါ၊ မနီးကွာလိမ့်၊ အာကာတိမ်ထွတ်၊ ရောင်ခြည်လွှတ်လျက်၊ ပတ်ပတ်ဝှန်ပြင်း၊ နေ့ညဥ့်လင်းသည် တောင်မင်းကောင်းကင်ထွတ်ချာ သော"

## မွန်မြန်မာမင်းများ နောက်ပိုင်းအခြေအနေ

၄၁။ ဆံတော်ရှင်ကျိုက်ဗြင်းနတ်(ဇင်းကျိုက်)ဘုရားစေတီသည် တည်ရှိရာဌာနနှင့် တည်နေပုံ ထူးခြားမြင့်မြတ်ခြင်း၊ ဘုရားရှင်ဆံတော်ဓာတ် ကိန်းဝပ်စံပျော်ခြင်း၊ တရားရှာမှီး ရိပ်ကြီးခိုဝင်သူတော်စင်တို့ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ရာ ဌာနဖြစ်ခြင်း၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ထွက်ရပ်ပုဂ္ဂိုလ်တို့၏ အလုပ်စခန်းစဉ် တစ်ခုဖြစ်ခြင်းနှင့် လူဝိဇ္ဇာ၊ နတ်ဝိဇ္ဇာ၊ နဂါးဝိဇ္ဇာတို့ စံပျော်ရာထူးခြားသော တောတောင်ရေတံခွန် စိမ့်စမ်းတို့ဖြင့် မြင့်မြတ်သောနေရာဌာန တစ်ခုဖြစ် ခြင်းတို့ကြောင့် ရှေးမွန်မြန်မာမင်းအဆက်ဆက်တို့သည် အလေးဂရုပြု၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ အခြား တစ်ပါးသော ဆကေသ မဟာဓာတုဝင် ဆံတော်ရှင်တို့သည် ခေတ်ကာလအလျောက် တောချုံပိတ်ပေါင်းတို့အောက် နစ်ပေါင်းများစွာ ရှိနေခဲ့ကြောင်းကို စာပေမှတ်တမ်း ရာဇဝင်များတွင် လေ့လာတွေ့ရှိနိုင်ပေသည်။

## မျက်မှောက်ခေတ် ပြုပြင်တည်ဆောက်မှု

၄၂။ ကျိုက်ဗြင်းနတ်(ဇင်းကျိုက်)ဘုရားရင်ပြင်တော်ပေါ်ရှိ ခေါင်းလောင်းစာနှင့် တောင်ဘက်အတက် စကြံအဆောက်အအုံ ရာမညသာလာသံဃစတုဒိသာဇရပ်နှင့် အောင်စေတီတော်၏ ပစ္ဆိမဒိသာ အုတ်အဆောက်အအုံတို့တွင် မြန်မာသက္ကရာဇ် ၁၂၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဟူသော အမှတ်အသား ကမ္ပည်းစာများကို တွေ့ရသဖြင့် ဗြိတိသျှခေတ်ကာလတွင်လည်း ဇင်းကျိုက်ဆံတော်ရှင်ဘုရားသည် မွမ်းမံပြင်ဆင်သူ ကုသိုလ်ယူသူတို့ဖြင့် မပြတ်မလပ်ရှိခဲ့ကြောင်း

**တွေးဆနိုင်ပေသည်။ ဇင်းကျိုက်ရွာမှ ဆံတော်ရှင်ဘုရားရင်ပြင်တော် အရောက် တောင်တက်စကြံလမ်းမှာ ကျောက်ပြားများကို ခဲ ရာခဲဆစ် ဖြတ်၍ခင်းထားရာ လှေကားထစ်ပေါင်း ၅၀၀၀ကျော်မျှရှိသည်။ အချို့** နေရာများမှာ မတ်စောက်လွန်းလှ၍ မီးရထားသံလှမ်း သံတိုင်များစိုက်၍ ပိုက်လုံးများတပ်ဆင်ပေးထားသည်။ ယင်း တည်ဆောက် ပြုပြင်မှုမှာ လည်း နှစ်ပေါင်း ၅၀ ကျော် ဟိုမှာဘက်တွင် ရှိနေမည်ဟု ခန့်မှန်းရပေသည်။

၄၃။ ဇင်းကျိုက်ရွာမှ သက်ကြီးများနှင့် လက်ရှိဂေါပကများထံမှ လေ့လာစုံစမ်းရရှိချက်အရ ဇင်းကျိုက်သူကြီး စက်သူဌေး ဦးတင်လှိုင် သည် ဦးစွာ ဇင်းကျိုက်ဆံတော်ရှင် စေတီတော်ထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လွတ်လပ်ရေးရပြီး ကာလတွင် ဇင်းကျိုက်ဆံတော်ရှင် စေတီတော်၏ ရင်ပြင်တော်ကို ချဲ့ထွင်တည်ဆောက်ခဲ့ကြသည်။ ဆံတော်ရှင်ဘုရား ဩဝါဒါစရိယ ဆရာတော်အဖြစ် ရွှေဖလားဆရာတော် ဦးကောသလ္လက ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။ ၁၉၅၄-၅၅ ခုနှစ်တွင် ဥက္ကဋ္ဌဦးအုန်းရှိန်၊ အတွင်းရေးမှူး ဦးစိန်ယုန်နှင့် ၁၉၅၅မှ ၁၉၆၂ ခုနှစ်အထိ ဦးဘိုကေ၊ ဦးမှိန်တို့ ဦးဆောင်သော ဂေါပကအဖွဲ့များသည် ဆံတော်ရှင်စေတီတော် အား ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေး ကောင်စီလက်ထက်မှ အစပြုလျက် ပါတီ၊ ကောင်စီခေတ်တွင် ပါတီ ကောင်စီကိုယ်စားလှယ်များပါဝင်သော ဥက္ကဋ္ဌ ဦးဘအေး ဦးဆောင် သည့် ဂေါပကအဖွဲ့က တာဝန်ယူစောင့်ရှောက်ခဲ့သည်။ ၁၉၉၀ ပြည့် နှစ်မှ အစပြုလျက် ဥက္ကဋ္ဌ ဦးဒီ၊ အတွ ရေးမှူး ဦးမောင်ရွှေနှင့်

အတွင်းရေးမှူးဦးသစ်မောင်တို့ဦးဆောင်သော ဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်မှုကို ဆောင်ရွက်လျက် ရှိပေသည်။

## ကျိုက်ထီးဆောင်း ဆရာတော်၏ ပြုပြင်တည်ဆောက်မှု

၄၄။ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ပညာဒီပသည် ဤသို့မြင့်မြတ်သော သမဏာရဟန်းဘဝသို့ မရောက်မီ ကိုးနှစ်တိုင်တိုင် မြန်မာပြည်အရပ်ဒေသများသို့ လှည့်လည်၍ အဆင့်ဆင့်သော အဓိဋ္ဌာန်ပါရမီ စခန်းများတွင် ဝင်ရောက်လေ့ကျင့် ဆည်းပူးအားထုတ်ခဲ့သည်။ ထိုစဉ်က ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ကိုယ်တိုင်ကြွရောက်ပြီး ချီးမြှင့်ခဲ့သည့် ဆံတော်ရှင်ဖြစ်လျက် အံသွားအလာခက်ခဲမှုကြောင့် တန်ခိုးလဘုရားပွဲတော်မှ တစ်ပါး ဘုရားဖူးတို့ အရောက်အပေါက်နည်းပြီး ပြုပြင်မည့်သူမဲ့ ထိန်းသိမ်းမည့်သူမရှိဖြစ်နေသည်ကို စိတ်မကောင်းဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ အဓိဋ္ဌာန်စခန်းဝင်ရောက်ပြီးသည့်နောက် တစ်နေ့တစ်ချိန်တွင် ဤဇင်းကျိုက်ဆံတော်ရှင်အား ဘုရားဖူးတို့ အလွယ်တကူကက်ရောက် ပူဇော်ကြည်ညိုနိုင်ရန် လမ်းပန်းဖောက်လုပ်ခြင်း၊ တောင်ထွတ် ဘုရားရင်ပြင်တွင် ဘုရားဖူးတို့မကြောင့်မကြ နေအေးချမ်းစွာ ကြည်ညိုဖူးမြော်နိုင်ရန် အစောင့်အရှောက်များကို အမြဲထားရှိခြင်း၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်လိုသူတို့ ပြင်းထန်သော သဘာဝမိုးဒဏ်လေဒဏ်မှ အကာအကွယ်ပြု စိတ်လက်အေးချမ်းစွာ တည်းခိုနေထိုင် ဘုရားဝတ်ပြုနိုင်ရန် အာရုံခံ ဇရပ်တန်ဆောင်း တည်ဆောက်ထားလိုခြင်း စသောလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရန် ကြီးစွာသောဆန္ဒ ဖြစ်ပေါ်မိခဲ့သည်။

၄၅။ သို့ဖြစ်၍ ကျိုက်ထီးဆောင်းဆရာတော် အရှင်ပညာဒီပသည် သုနက္ခတ္တံသုမင်္ဂလံ အချိန်နရီနှင့်အညီ ဘုရားရှင်သာသနာတော် တန်ဆောင်ဆီမီးပမာ ထိန်ညီးတောက်ပ အောင်ချိန်ကျရောက်ပြီကို သိမြင်သည့်အလျောက် ကျိုက်ထီးဆောင်းစေတီတော်ကြီးကို ထီးမဏ္ဍိုင် ဗဟိုပြုလျက် ဘုရားရှင်ဆံတော်သာသနာတော်ကို ပွင့်လင်း ဖြာဝေ စည်ပင်နေအောင် ဖွင့်ဖော်ခဲ့ပေသည်။ ဤသို့ ဘုရားရှင်ဆံတော် စေတီတော်များ ပြန်လည်တည်ဆောက် ဖွင့်ဖော်ခဲ့သည့်အနက် ဤဇင်းကျိုက်ဆံတော်ရှင် စေတီတော်မြတ်သည် အဓိကတစ်ဆူပင် ဖြစ်ပေသည်။ ကျိုက်ထီးဆောင်းဆရာတော် အရှင်သူမြတ်၏ စွမ်းဆောင်ကြိုးပမ်းမှုကြောင့် ဗုဒ္ဓမြတ်စွာ၏ ဆံတော်သာသနာတော်သည် ရာမညတိုင်း သုဝဏ္ဏဘူမိ ရွှေလိုလှသည့် မြေတစ်ခွင်တွင် ရှေးကမကြုံစဖူး မကြားစဖူး ထူးကဲအံ့သြဖွယ် ပွင့်ထွန်းပေါ်ပေါက်၍ လာခဲ့ပေသည်။

## ဝိဇ္ဇာညီနောင်စေတီ ထီးတော်တင်လှူ ဆက်ကပ်ခြင်း

၄၆။ ကျိုက်ထီးဆောင်း ဆရာတော်အရှင်သူမြတ်သည် ၁၃၅၀ ပြည့်နှစ်တွင် ရှေးဦးစွာ ဗျတ်ဝိ၊ ဗျတ္တ ဝိဇ္ဇာညီနောင်စေတီကို စတင် ပြုပြင်ခဲ့သည်။ ဤစေတီတော်များမှာ ဉာဏ်တော် ၁၈ တောင်မျှမြင့်၍ **ထီးတော်တင်ပြီးသည်နှင့် အနေးနှင့်အမြန်ပင်မိုးကြိုးခပျက်စီးသွားတတ်ပါ** သည်။ ပြုပြင်လိုသူတို့ကား မပြင်ဝံ့အောင်ရှိ၍ ဤစေတီတို့မှာ ထီးတော် မဲ့ကာ အပျက်ဖြင့်သာ ရှိနေခဲ့ကြသည်။ ဤစေတီနှစ်ဆူ၏ သမိုင်း နောက်ခံကား စိတ်ဝင်စားဖွယ်ကောင်းလှသည်။ မနုဟာမင်ကြီးသည် နောင်တော်ဗျတ်ဝိ၏ ဦးခေါင်း၊ အပေါင်အလက်တို့ကို ပယောဂစီရင်၍

မြို့၏အရံအတားအဖြစ် မြို့ရိုးတစ်လျှောက်တွင် မြှုပ်နှံထားခဲ့သည်။ ညီဖြစ်သူဇျတ္တသည် ဖော်ထုတ် ယူဆောင်ပြီး သမုဒ္ဒရာတွင်ချခဲ့ရာ ပေ ၂၀ ခန့်လှိုင်းလုံးကြီးတို့ ဖြစ်ပေါ်ခဲ့သည်။ ဇျတ္တသည် အစ်ကိုအတွက် ကောင်းမှုကုသိုလ်ပြု အမျှပေးဝေခြင်း ပြုခဲ့သဖြင့် ဇျတ်ဝိသည် နတ်ဝိဇ္ဇာအဖြစ် ရောက်ရှိသွားခဲ့သည်။

၄၇။ ဇျတ္တသည် အစ်ကိုအတွက် ရည်စူးပြီး ဘားမဲ့ ဆရာဘုန်းတော်ကြီးသီးတင်းသုံးရာ ဇင်းကျိုက်ဆံတော်ရှင်ဘုရားခြေတော်ရင်း၌ လွမ်းစေတီနှစ်ဆူကိုတည်ခဲ့သည်။ အဆက်ဆက်ပင် ဇျတ်ဝိ၊ ဇျတ္တဘုရားဟု ခေါ်တွင်ခဲ့သည်။ ဇျတ္တမှာလည်း အရှင်အရဟံ အစရှိသော အရိယာသံဃာတို့၏ အဆုံးအမကို ခံယူရရှိခဲ့သူဖြစ်၍ သေလွန်သောအခါ နတ်ဝိဇ္ဇာပင် ဖြစ်လေသည်။ ဇျတ်ဝိ၊ ဇျတ္တ ညီနောင်တို့မှာ ဘုရင့်အမှုတော်ကို သစ္စာရှိစွာ ထမ်းဆောင်ခဲ့သော်လည်း မလိုသူတို့၏ မေတ္တာသစ္စာမဲ့မှုကြောင့် မင်းပြစ်မင်းဒဏ်ကို ခံခဲ့ရသည်။ နတ်ဝိဇ္ဇာအဖြစ် ရောက်သွားသောအခါတွင် သစ္စာရှင် မေတ္တာရှင်တို့ကိုသာ ရှိသေလေးမြတ် အသိအမှတ်ပြုပြီး သစ္စာမေတ္တာ ယွင်းပျက်သူတို့ကို မလိုလားချေ၊ မိမိတို့ ကိုးကွယ်စောင့်ရှောက်သော ဇင်းကျိုက်ဆံတော်ရှင်နှင့် မိမိတို့ စေတီတော်ကို ပြုပြင်ရာတွင် သစ္စာ၊ မေတ္တာရှင်တို့ကိုသာ ကြည်ဖြူစွာ လက်ခံပြီး မဟုတ်ပါက မိုးကြိုးလက်နက်ဖြင့် ပစ်ခွင်းလေ့ရှိသည်။ သို့ဖြစ်၍ ဝိဇ္ဇာညီနောင် စေတီတို့မှာ တစ်ချိန်က ဘုရားငုတ်တိုအဖြစ်နှင့်သာ ရှိနေခဲ့ပေသည်။ ကျိုက်ထီးဆောင်း အရှင်သူမြတ်သည် အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်ကာ သစ္စာမေတ္တာကို ရှေ့တန်းတင်၍ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် စေတီတော်

များကို ပြုပြင်တည်ဆောက် ထီးတော်၊ စိန်ဖူး၊ ငှက်မြတ်နား တင်ခြင်း တို့ကို လုပ်ဆောင်လေ့ရှိရာ ဝိဇ္ဇာညီနောင်စေတီ နှစ်ဆူကို ၁၃၅၀ပြည့်နှစ်တွင် ထီးတော်တင်လှူခဲ့လေသည်။ ဤစေတီများကို ထီးတော်တင်လှူပွဲ ဆောင်ရွက်နေစဉ်တွင် ဇင်းကျိုက်တောင် တစ်ကြော တွင် မိုးကြီးသည်းထန်စွာ ရွာလျက်ရှိသည်။ ဓာတ်သိများက ဝိဇ္ဇာညီနောင် စေတီနှစ်ဆူ ထီးတော်တင်မပြီးမီ မိုးကြိုးခတော့မည်ဟု တွေးတော စိုးရိမ်လျက် ရင်မနေကြသည်။ သို့သော် ဆရာတော် ထီးတော် တင်ချိန်တွင်ကား ဝင်းပတောက်ရှန်းနေသော နေရောင်ခြည်အောက်တွင် မိုးသားတိမ်လွှာတို့က မိုးကာ အုံ့ဆိုင်းပေးနေဘိသကဲ့သို့ ရင်သပ်ရှုမော အံ့သြဖွယ်တို့ကို တွေ့မြင်ကြရပေသည်။

၄၈။ ဤသို့ ဇင်းကျိုက်ဆံတော်ရှင် စေတီတော်အနီး ဝိဇ္ဇာ ညီနောင်စေတီတော် နှစ်ဆူတို့အား စည်ကားသိုက်မြိုက် အောင်မြင်စွာ ထီးတော်တင်လှူပြီးနောက် ဇင်းကျိုက်ဆံတော်ရှင်ဘုရားအား ပြုပြင် တည်ဆောက်ရေးအတွက် ဆိုင်ရာဂေါပကအဖွဲ့တို့က အပ်လာကြသည်။ ဘုရားပေါ်တွင် လေမိုးပြင်းထန်လှသဖြင့် စောင့်ရှောက်ထိန်းသိမ်း မည့်သူမဲ့ အဆောက်အအုံမရှိ ဖြစ်နေသည်။ နောက်နှစ်မိုးဦးကျတွင် ဇင်းကျိုက်ဆံတော်ရှင်ဘုရား စိန်ဖူးတော်မှာ မိုးကြိုးခြင်းခံရသဖြင့် အထက်ပိုင်း ပျက်စီးပျောက်ဆုံးသွားပြီး အောက်ပိုင်းသာ ကျန်ရှိကာ မတင့်မတယ် ရှိနေခဲ့သည်။ ထိုတစ်ညတည်းမှာပင် ဇင်းကျိုက် ဆံတော်ရှင်ဘုရား စိန်ဖူးတော်နှင့် အရှင်ဉာဏပဏ္ဍိတ ရဟန္တာမြတ်နှင့် ဝရဏနဂါးမင်းတို့ တည်ထားခဲ့သော ဝရဏနာဂရာဇာထူပ ဆံတော်ရှင်ဘုရား စိန်ဖူးတော်တို့ တစ်ပြိုင်တည်း မိုးကြိုးခြင်း

ခံခဲ့ရသည်။ သို့ဖြစ်၍ ကျိုက်ထီးဆောင်းဆရာတော်သည် ရှေးဦးစွာ ဇင်းကျိုက်ဆံတော်ရှင် စေတီတော် ပြုပြင်တည်ဆောက်ရေးကို လက်ခံကာ ၁၃၅၁ခုနှစ်မှ အစပြုလျက် ယနေ့တိုင် အဆက်မပြတ် ထီး၊ စိန်ဖူး၊ ငှက်မြတ်နားတင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဘုရားဖူးတို့ အလွယ်တကူ တက်ရောက် ဖူးမြော် နိုင်ကြစေရန် လမ်းဖောက်၊ မုခ်လှေကားထစ်များ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်သည်။

## မော်တော်ကားလမ်းများ ဖောက်လုပ်ခြင်း

၄၉။ ဇင်းကျိုက်ဆံတော်ရှင်ဘုရားမှာ မြင့်မားမတ်စောက်သော ပေ ၃၀၀၀ကျော် ကျောက်တောင်တွင်တည်ရှိသဖြင့် တန်ရုံဖြင့်ဘုရားဖူးတို့ တက်ရောက်ဖူးမြော်နိုင်ခြင်း မရှိ၊ ရပ်ဝေးမှ လာရောက်ဖူးမြော်သူတို့ အနေဖြင့် အနည်းဆုံး တစ်ရက် အချိန်ယူကြရပေမည်။ အချို့နေရာတွင် ကျဉ်းမြောင်း မတ်စောက်သော ကျောက်လှေကားဖြင့် ဘေးလက်ရန်း သံတိုင်ကို အားပြု တက်ကြရသဖြင့် သက်ကြီးရွယ်အိုနှင့် ကလေး သူငယ်တို့မှာ တက်ရောက်ဖူးမြော်ရန် မဖြစ်နိုင်ပေ၊ ရှေးအခါက ရင်ပြင်တွင် တန်ခူးလပွဲတော်အခါ၌သာ အရှေ့ဘက်မှ ကရင်တိုင်းရင်း သားများ တက်ရောက်ပြီး အရှေ့ဘက်သို့ ပြန်ဆင်းကာ မွန်တိုင်းရင်းသား တို့က အနောက်ဘက်မှ တက်ပြီး အနောက်ဘက် ပြန်ဆင်းကြကြောင်း၊ ပွဲတော်ကိုလည်း ဘုရားတောင်ခြေ ဇင်းကျိုက်ရွာ၌သာ ပြုလုပ်လေ့ ရှိကြောင်း သိရသည်။ သို့ဖြစ်၍ အများပြည်သူ အလွတ်ကတူ တက်ရောက် ဖူးမြော်နိုင်ရန် ထိုစဉ်က စစ်ရာထူးခန့်ချုပ် အထူး

စစ်ဆင်ရေးမှူး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အဖွဲ့ဝင်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဦးလှသည် မိမိကွပ်ကဲမှုအောက်ရှိ အင်ဂျင်နီယာ တပ်ဖွဲ့ကို တာဝန်ပေး၍ မော်တော်ကားလမ်းကို ဖောက်လုပ်စေခဲ့သည်။ ၁၉၉၂ ခုနှစ်က တပ်ရင်းတပ်ဖွဲ့များမှ ကျိုက်ထီးဆောင်းဘုရား အတွက် လှူဒါန်းထားသော ဘိလပ်မြေအိတ် ၃၅၀ မှ အိတ် ၅၀ကို ဆရာတော်သည် ဇင်းကျိုက်ဘုရားတောင်ပေါ်သို့ ခဲရာခဲဆစ် တင်ပို့လျက် စေတီတော်မြတ်ကြီး ခြေတော်ရင်းတွင် ဝတ်ပြုဆောင်ကို ၁၉၉၃ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ မော်တော်ကားလမ်းကို ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၆၅.၂) ဖြူဘုရွာမှ စတင် ဖောက်လုပ်ခဲ့ရာ ကျောက်တောင်ကျောက်ကမ်းပါးများနှင့် တောင်ဆင်းတောင်တက် ၄ မိုင်မျှ ရှိသည်ကတစ်ကြောင်း၊ မိုးအခါတွင် ဖောက်လုပ်မှုကို ရပ်နားထားရခြင်းတို့ကြောင့် ၁၉၉၄ ခုနှစ်၌ ဇင်းကျိုက်ဆံတော်ရှင်ဘုရား ထီးတော်တင်သည့် ကာလအထိ ပြီးစီးနိုင်ခြင်းမရှိ ဖြစ်ခဲ့ရသည်။

## ၁၉၉၄ခုနှစ် ထီးတော်တင်လှူဆက်ကပ်ခြင်း

၅၀။ ဇင်းကျိုက်ဆံတော်ရှင်ဘုရား၏ ထီးတော်အသစ်ကို ၁၉၉၄ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် တင်လှူခဲ့ပါသည်။ ဆရာတော် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ချိန်မှစ၍ ဘုရားပွဲတော်ကို တောင်ခြေ တွင် မကျင်းပတော့ဘဲ တောင်ထိပ် ဘုရားရင်ပြင်တော်တွင် နှစ်စဉ် တန်ခူးလဆန်း (၁၃)ရက်မှ လပြည့်နေ့ထိ သုံးရက် ဆက်တိုက်

ပဌာန်းပူဇော်ပြီး ဘုရားပွဲ ပြုလုပ်ခဲ့သည်။ သို့ဖြစ်၍ ထီးတော်တင်ပွဲမှာ တန်ခူးလပွဲတော်ရက်ဖြစ်၍ ပရိသတ်မှာ ဧပြီ ၂၄ ရက် ညကပင် ဘုရားတောင်ခြေမုခ်ဝမှ ရင်ပြင်တော် အာရုံခံတန်ဆောင်းထိပ် အထိ အဆက်မပြတ် ရှိနေသဖြင့် အဝေးမှ ကြည့်ပါက နဂါးကြီး တစ်ကောင် ကောင်းကင်ယံသို့ တက်၍ တိမ်ညွန့်စားတော့မည့်အလား မှတ်ထင်ရပေသည်။ ပရိသတ်များပြားလှသဖြင့် ရင်ပြင်တော်တွင် ဘုရားဖူး ပရိသတ်တို့ဖြင့် ခြေချရန် မရှိအောင် ပြည့်နှက်လျက်ရှိ သော်လည်း တစ်စုံတစ်ရာ ဘေးဥပဒ် အန္တရာယ်မရှိ၊ စိတ်လက် ချမ်းသာစွာ ဖူးမြော်နိုင်ခဲ့ကြပေသည်။

၅၁။ အဆိုပါ ထီးတော်တင်လှူပွဲသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မိတ္ထီလာဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာ၊ သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ဖြစ်ကြသည့် တိုက်ကြီးမြို့ ဇောတိကာရုံတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏဝံသ၊ ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုဏ္ဍလ၊ မုဒုံမြို့ နီးပဒေါ ကျောင်းသစ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဂုဏ၊ ပေါင်မြို့ ရွှေဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုသလ၊ တမူးမြို့ ဂဏပါမောက္ခကျောင်း ဆရာတော် ဘဒ္ဒန္တ ပညိန္ဒ အစရှိသော ဆရာတော် ကြီးများနှင့် ဒေသခံ ပြည်နယ်သံဃနာယကအဖွဲ့၊ ပေါင်မြို့နယ် သံဃနာယကအဖွဲ့မှ ဆရာတော်ကြီးများ ကြွရောက်ခဲ့ ကြသည်။ စစ်ရာထူးခန့်ချုပ် ယခု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဦးလှ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး မွန်ပြည်နယ်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကက်စိန်၊ တပ်မမှူးများ ဖြစ်ကြသည့် ဗိုလ်မှူးချုပ်တင်ထွဋ် (ယခု အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး)၊ ဗိုလ်မှူးချုပ်တင့်လွင် (ယခု သံအမတ်ကြီး)၊ ဗိုလ်မှူးချုပ်တင်ငွေ (ယခု အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး)နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ဒေသခံ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ အကြပ်တပ်သားများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

၅၂။ ၁၉၉၄ ခုနှစ် ကုန်ခါနီးတွင် ကျိုက်ထီးဆောင်း ဆရာတော် ဦးဆောင်ပြီး ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ဦးလှသည် ခရိုင်နှင့် မြို့နယ် များမှ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အတူ ဇင်းကျိုက်ဆံတော်ရှင်ဘုရားသို့ တက်ရောက်ပြီး ဦးစားပေး ပြုပြင် မွမ်းမံရမည့် ကိစ္စရပ်များ၊ လမ်းဖောက်ခြင်း လုပ်ငန်းများကို ဆွေးနွေး ညှိနှိုင်း လမ်းညွှန်မှုပေးခဲ့သည်။ ထိုလုပ်ငန်းများကို ကြပ်မတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သထုံခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကြီးအား တာဝန်ပေးခဲ့လေသည်။ လမ်းဖောက်ခြင်း၊ ဘုရား ပြုပြင်မွမ်းမံမှု လုပ်ငန်းများအတွက် ကုန်ကျမည့် ငွေပမာဏ၊ ဒေသအတွင်းမှ ရရှိနိုင်မည့် အလှူငွေ၊ ပြုပြင်တည်ဆောက်မှုအတွက် ကုန်ကျမည့် ငွေပမာဏတို့ကို တွက်ချက် တင်ပြစေခဲ့သည်။

၅၃။ ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ဦးလှသည် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကက်စိန်နှင့်အတူ ၁၉၉၅ ခုနှစ် ဧပြီ (၁၄) ရက် ဝိဇ္ဇာညီနောင်စေတီ ထီးတင်ပွဲသို့ တက်ရောက်ခဲ့သည်။ ထိုစဉ် သထုံခရိုင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ

ဒုတိယဗိုလ်မှူးကြီး ကျော်ကြီးက ဇင်းကျိုက်ဆံတော်ရှင် စေတီတော် မွမ်းမံခြင်း၊ အပြီးမသတ်နိုင်သေးသည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဘုရားဝတ်ပြုဆောင် အပြီးသတ် မွမ်းမံခြင်းနှင့် လှူတက်စကြံလမ်း ပြုလုပ်ခြင်းစသော လုပ်ငန်းတို့အတွက် လိုအပ်ချက်များကို တင်ပြခဲ့ရာ လိုအပ်ချက် အဝဝကို ဖြည့်ဆည်း ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ လုပ်ငန်းများကို ၁၉၉၆ ခုနှစ် ဧပြီ (၁)ရက်နေ့အပြီး ပြီးပြတ်အောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှုပေးခဲ့ပါသည်။

## ဇင်းကျိုက်ဆံတော်ရှင်စေတီတော် စိန်ဖူး၊ ငှက်မြတ်နားတင်လှူပွဲ

၅၄။ သမိုင်းဝင် ဇင်းကျိုက်ဆံတော်ရှင် စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့မှာ နေဒဏ်၊ မိုးဒဏ်တို့ကြောင့် အရောင်အဆင်း ပျက်ယွင်းလာသဖြင့် ပြုပြင်ရန် လိုအပ်လာခြင်း၊ ၁၉၉၅ ခုနှစ် မိုးဦးကာလတွင် မိုးကြိုးဒဏ်ကြောင့် ဖန်အုပ်ဆောင်း ကွဲသွားခြင်း ဖြစ်သဖြင့် မွမ်းမံ ပြင်ဆင်မှုလုပ်ငန်း အခြားပြင်ဆင်မှု လုပ်ငန်းများလည်း ပြီးမြောက်ခြင်းတို့ကြောင့် စိန်ဖူး၊ ငှက်မြတ်နား အသစ်တင်လှူရန် ဆောင်ရွက်ခဲ့လေသည်။ ဆံတော်ရှင်ဘုရားပေါ်သို့ တက်ရာ မော်တော်ကားလမ်းကို မူလက လူအားဖြင့် ဖောက်လုပ်ခဲ့ရာ မပြီးပြတ်နိုင်ခဲ့သဖြင့် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ဒေသခံ ပြည်သူများ၏ စေတနာ သဒ္ဒါတရား၊ လုပ်အား၊ စက်ယန္တရားများဖြင့် အပူတပြင်း ဆောင်ရွက်ခဲ့သည့်အတွက် မော်တော်ကားလမ်းကို ဆံတော်ရှင်ဘုရား တောင်ထွတ်ခြေရင်းတော်ရှိ ဝိဇ္ဇာညီနောင် စေတီအထိ ဖောက်လုပ် ပြီးစီးခဲ့သည်။ ရင်ပြင်ပေါ်၌လည်း နှစ်ထပ် အာရုံခံ

တန်ဆောင်း အုတ်ဇရပ်ကို ခံ့ခံ့ထည်ထည် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် စေတီတော်ကြီး ကိုယ်ထည်လုံးပတ်ပြည့် ရွှေသက်န်း ကပ်လှူခဲ့ကြပါသည်။ သို့ဖြစ်၍ ထိုသို့သော တည်ဆောက်ပြုပြင်မှု လုပ်ငန်းအရပ်ရပ်တို့အတွက် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ အကြပ်တပ်သားမိသားစုများ၊ ကျိုက်ထီးဆောင်းဆရာတော်၏ တပည့်ဒါယကာဒါယိကာမများ၊ စေတနာ့ရှင်ပြည်သူများ၏ ထက်သန်သော သဒ္ဓါစေတနာနှင့် လူအား ငွေအား ပါဝင်ကူညီလက်တွဲမှုတို့ကြောင့် အောင်မြင်ပြီးစီးခဲ့သော ကုသိုလ်တော်အရပ်ရပ်တို့ကို ရေစက်ချ အမျှပေးဝေရန် လိုအပ်လာခြင်းတို့ကြောင့် စိန်ဖူး၊ ငှက်မြတ်နား တင်ပွဲကို ၁၉၉၆ ခုနှစ် ဧပြီလ ၂ရက်၊ (၁၃၅၇ ခုနှစ်၊ တန်ခူးလပြည့်နေ့)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ရှေးအခါက ခြေကျင် တောင်တက်ခရီးကို ပင်ပန်းကြီးစွာ တက်ရောက်ခဲ့ကြရသော်လည်း ယခုအခါ တောင်ထွတ်ဘုရားခြေရင်းတော် ဝိဇ္ဇာညီနောင်ဘုရားအထိ မော်တော်ကားဖြင့် တက်ရောက်နိုင်ခဲ့ကြသဖြင့် ပရိသတ်မှာ ခြေချစရာမရှိ ကြက်ပျံမကျစည်ကားလှပေသည်။ ထို့အပြင် ရှေးအခါက ဘုရားဖူး၊ တရားရှာသူတို့ ရာသီဘေးဒဏ် ကြမ်းတမ်းသလောက် တည်းခိုနေထိုင်ရာ အဆောက်အအုံ ကင်းမဲ့ခဲ့သည်။ ယခုအခါ ရဟန်းရှင်လူ ပြည်သူများ တည်းခိုနားနေရန် လူနှစ်ရာဆံ့ ခံ့ခံ့ထည်ထည် အဆောက်အအုံတစ်ခုကို တည်ဆောက် လှူဒါန်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

၅၅။ ဇင်းကျိုက်ဆံတော်ရှင်ဘုရားအား ရတနာခုနစ်ပါးစီခြယ် ပြုပြင်မွမ်းမံထားသော စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအခမ်းအနားကို ထိုနေ့ နံနက်ပိုင်း ၈ နာရီတွင် ကျင်းပပြုလုပ်ရာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာပြုကျိုက်ထီးဆောင်ဆရာတော်နှင့် ပြည်နယ်၊ မြို့နယ် သံဃနာယကအဖွဲ့မှ ဆရာတော်များနှင့်အတူ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဦးလှနှင့် မွန်ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကက်စိန်၊ မောရဝတီ ရေတပ်စခန်းဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မျိုးတင့်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ အမှတ်(၄၄)နှင့် ရှေ့တန်း အမှတ် (၇၇) တပ်မဌာနချုပ်တို့မှ တပ်မမှူးများ၊ မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် မြို့နယ် သာသနာရေးမှူးများ၊ စေတနာရှင်ပြည်သူများ တက်ရောက်ခဲ့ကြလေသည်။ ဆရာတော်ကြီးများက ရေစက်ချတရားများ ချီးမြှင့်ပြီး ကျိုက်ထီးဆောင်း ဆရာတော်က ဇင်းကျိုက်ဆံတော်ရှင်ဘုရားပြုပြင်မှု လုပ်ငန်းနှင့် မိမိဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများကို ဆရာတော်ဘုရားကြီးများရှေ့မှောက်တွင် မြွက်ကြားပြီး ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဦးလှက ဆံတော်ရှင်စေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံတည်ဆောက်မှုဆိုင်ရာ ဖြစ်ထွန်းအောင်မြင်မှုလုပ်ငန်းများနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့ကြပါသည်။

## ထူးထွေဆန်းကြယ် အံ့ဖွယ်အသွယ်သွယ်

၅၆။ ဇင်းကျိုက်ဆံတော်ရှင်သည် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား

ရှိစဉ် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခဲ့သော အဆင့်မြင့် ဆကေသ မဟာဓာတုဝင် ဆံတော်ရှင်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ရာမည တိုင်း သုဝဏ္ဏဘူမိတွင် သာသနာတော်တည်ထွန်းပြီး မြန်မာပြည်အဝန်းသို့ နေဝန်းလဝန်းထွန်းလင်းသည့်ပမာ ပြန့်ပွားစည်ပင်မည်ကို သိမြင်တော်မူ သည်က တစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူချိန်အတွင်း လွတ်လမ်းမမြင် ကျွတ်တမ်းမဝင်နိုင်ကြရှာသော ဆွေတော်မျိုးတော်များ ၅ဝဝဝ သာသနာနောက်ဆုံးကာလ၌ လွတ်လမ်း၊ ကျွတ်တမ်းဝင်နိုင် ကြမည်ကို မြင်တော်မူ၍တစ်ကြောင်း မိမိ၏ဆံတော်ကို ရသေ့မြတ် တို့အား ချီးမြှင့်ပေးသနားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ကိုးပါးအစုံ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်တို့သည် ဆိုဖွယ်မရှိ ပြည့်စုံလျက်ရှိနေမည်ကို ဉာဏ်မျက်စိဖြင့် ဆင်ခြင်၍ ကြည့်မြင်နိုင်သည်။ ထိုအကြောင်းများကြောင့်လည်း လောကီနယ်ပယ်တွင် ပြောဖွယ်အတိ ချီးမွမ်းဖွယ်အလား ဆိုထုံးရှိသည့် အတိုင်း သိဒ္ဓိရှင်၊ ဣဒ္ဓိရှင်၊ မဟိဒ္ဓိရှင်များ ဖြစ်ကြသည့် အောင်ကိုးအောင်၊ ခေါင်ကိုးခေါင်၊ တောင်ကိုးတောင်နှင့် ဘားကိုးဘား ပုဂ္ဂိုလ်သူမြတ်များ သည် ဘုရားရှင်ဆံတော်ဓာတ်မြတ် ကိန်းဝပ်စံပယ်ပြီး သာသနာတံဆိပ် ခတ်နှိပ်ရာ ဉ်ဇင်းကျိုက်တောင်တော်မြတ်တွင် အဓိဋ္ဌာန်ဝင်၍ မိမိတို့၏ ပါရမီစခန်းကို ဖြည့်စွမ်းခဲ့ကြခြင်းဖြစ်ပေသည်။

၅၇။ စိန်ဖူး၊ ငှက်မြတ်နားတင် အခမ်းအနား ကျင်းပသည့်နေ့သည် တန်ခူးလပြည့်နေ့ နေ့လယ်သာမန်အားဖြင့် ချစ်ချစ်တောက်ပူပြင်း သော နေရောင်အောက်တွင် ကျောကော့နေရမည်ဖြစ်သော်လည်း ဇင်းကျိုက်ဆံတော်ရှင် တောင်ထွတ်များတစ်ဝိုက်တွင်ကား နေလည်းမပူ၊

မိုးလည်းမရွာ၊ အုံ့ပျမှိုင်းရီကာ မြူတွေဆိုင်း၍ ရှစ်ဝဠာတစ်ခွင်လုံး မင်းလွှင်မြူမှုန်တို့ဖြင့် ကြည့်၍ပင်လှနေသည်။ တောင်ထွတ်၊ တောင်ဖျား၊ တောင်ထိပ်များကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေး၏ သန့်ရှင်း လတ်ဆတ်သော အထိအတွေ့ကို ခံစားရသောဘုရားဖူးတို့သည် ခြေကျင် တောင်တက်ခရီး တောင်မတ်ကြီးကို တက်ရောက်ခဲ့ကြရသည့်တိုင် မမောနိုင်မပန်းနိုင်အောင်ရှိကြပေသည်။ မောဟိုက်ပင်ပန်းရသော်လည်း ခေတ္တရပ်နားလိုက်သည်နှင့် ပန်းပေါင်းစုံ ရနံ့သင်းနေသည့် သန့်ရှင်း သော ပင်လယ်လေနုအေးအေးကို ရှူရှိုက်ရသည့်ခဏတွင် အားအင် ပြည့်ဖြိုး ခွန်အားပင်တိုး၍ လာပါသည်။ ပြောမယုံနိုင်သူတို့အတွက် ကြုံဖူးအောင် ကိုယ်တိုင်တက်ရောက် ဖူးမြော်ကြည့်ရှုကြပါကုန်ဟု စေတနာကောင်းဖြင့် တိုက်တွန်းသမှု ပြုအပ်ပေသည်။

၅၈။ ထို့ပြင်လည်း တောင်ခြေမှ ကားနှင့်တစ်ဖုံ၊ ခြေကျင်တစ်သွယ် အဆက်မပြတ် တက်ရောက်နေကြသည့်တိုင် ဘုရားရင်ပြင် တောင်ထွတ် တွင် နေရာမရ၍ မဖူးမြင်လိုက်ရသည်ဟူ၍ မရှိ။ ဤမျှ ပေ ၃၀၀၀ ကျော်မတ်စောက်မြင့်မားလှသည့် တောင်ထွတ်ဖျားတွင် ငွေတစ်ကျပ် တန်မှ ကျပ် ၅၀၀ တန်အထိ ငွေပဒေသာ ကြဲဖြန့်သည်ကို သူ့ထက် ငါ တိုးဝှေ့ယူငင်ကြသည့်တိုင် တစ်ဦးတစ်ယောက်မျှ ထိခိုက် အနာတရ ဖြစ်သည်ဟူ၍မရှိ၊ ဘေးဘီကြည့်လိုက်လျှင် တောင်ခုလတ်တွင် တိမ်တွေ ပြေးလွှားလျက်၊ တစ်ခါတစ်ရံ မိုးသားတို့ပြိုဆင်းကာ ရွာချနေသည်ကိုပင် အပေါ်မှမြင်ရ၏။ အချို့နေရာတွင် တက်လမ်းမှာ ကျဉ်းလှသဖြင့် သည်းထိပ် ရင်ခုန်ဖွယ်ရှိ၍ တစ်ဖက်တောင်ကမ်းပါးယံသို့ စောင်းမှီရ သည်။ တစ်ဖက်သို့ မတိမ်းဝံ့၊ မယိမ်းဝံ့၊ ခြေတစ်ဖဝါး လှေကားကို

ကုတ်၍သံတန်းကို စွဲစွဲမြဲမြဲ အားခဲကိုင်ထားရသည်။ ဤမျှ များပြားလှသော ပရိသတ်အတွင်း တစ်စုံတစ်ရာထိခိုက်မှု မရှိကြ၊ တစ်ဖန်တောင်ထွတ် ရင်ပြင်မှာ ပေ ၂၀၀ ထက်ပို၍မကျယ်လှ။ ပရိသတ်များပြားသော်လည်း ရေမိုးပြတ်လတ်ခြင်းမရှိ လုံလောက်နေပါသည်။ အခြားသော ဆံတော်ရှင်ဘုရားများထက် ထူးကဲသော အနေအထားမှာ ဇင်းကျိုက်ဘုရားရင်ပြင်သို့ရောက်လျှင် မြူနှင့် မိုးသား ဝတိဘုံများနတ်ဘုံသို့ ရောက်သည့်အလားသို့ အဆိုပြုကြပါသည်။ ဤ ဇင်းကျိုက်ဆံတော်ရှင် ရင်ပြင် အင်္ဂါထောင့် ခေါင်းလောင်း ကြီးနောက်နားမှနေ၍ ကျိုက်ထီးရိုး၊ မဲလံ၊ ကေလာသ၊ ကုသိနာရုံနှင့် ဇွဲကပင်ဆကေသ မဟာစေတီဝင် ညီတော်၊ နောင်တော် ဆံတော်ရှင်ဘုရားများကို ဖူးမြင်နိုင်ခြင်းပင်ဖြစ်သည်။ အခြားဆံတော်ရှင်ဘုရားများမှကား နှစ်ဆူသုံးဆူထက် ပို၍မမြင်ကြရပေ။ ဤသည်လည်း ထူးထွေဆန်းပြား အံ့ဖွယ်တစ်ပါးပင် ဖြစ်ပေသည်။ အထူးသဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ နယ်နိမိတ်ဖြစ်သော ဒုံသမိမြစ်နှင့်သံလွင်မြစ်တို့ကိုကျော်၍ ဇွဲကပင်တောင်တော်မြတ်က ဆံတော်ရှင် စေတီတော်ကို ရွှေရောင်တဝင်းဝင်းဖြင့်ဖူးမြင်ရသည်ကား လွန်စွာကြည်ညိုဖွယ်ကောင်းလှပေသည်။

## လေ့လာဖွယ် ဇင်းကျိုက်တောင်တော်ဝယ်

၅၉။ ဇင်းကျိုက်ဆံတော်ရှင်ဘုရား တည်ရှိရာ ဂဠာဂီရိတောင်သည် သက်တမ်းရှည်ကြာပြီး စစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ်အကြား မုတ္တမကမ်းမြောင်ဒေသတွင် အမြင့်ဆုံးထူးခြားသောတောင်ဖြစ်၍ ထူးထွေဆန်းပြားအံ့ဖွယ်များကား ပေါများလှပေသည်။ အထူးသဖြင့် မွန်ပြည်နယ်

တစ်ခုလုံး၏ အမြင့်ဆုံးသည် ဇင်းကျိုက်ဆံတော်ရှင် ဘုရားဖြစ်ပြီး ကရင်ပြည်နယ်တစ်ခုလုံး၏ အမြင့်ဆုံးသည် ဇွဲကပင် ဆံတော်ရှင် ဘုရားဖြစ်သည်။ လေ့လာဖွယ် သမိုင်းဝင် ဌာနများအနေနှင့်လည်း အနှံ့အပြားပင်ရှိနေသည်။ မွန်ရာဇဝင်များနှင့် မြန်မာရာဇဝင်များတွင် တခမ်းတနား မှတ်တမ်းတင်ဖော်ပြခဲ့သည်။ မနုဟာမင်း၏ ဆရာ ဘားမဲ့ဆရာတော် သီတင်းသုံးနေထိုင်သွားသည့် ကျောင်းနေရာ၊ ကမ္မဋ္ဌာန်း ဘာဝနာအားထုတ်ခဲ့သည့် သုံးထပ်ဂူ၊ ဝင်္ဂူ၊ စမဂူတို့သည်လည်းကောင်း၊ ဘားမဲ့အောင်မြေ၊ ဘားမဲ့ဆရာတော်၏ လူစွမ်းကောင်းတပည့်ကျော် ဝိဇ္ဇာညီနောင်ခေါ် ဗျတ်ဝိ၊ ဗျတ္တစေတီ၊ မင်းတစ်ရာ့တစ်ပါးစေတီ၊ သင်္ကန်းလှန်းစေတီတို့ကိုလည်းကောင်း၊ ဓမ္မစေတီမင်းကြီး၏ "ဇော ကျောက်ဗွင်းနတ်–သိမ်"တို့ကိုလည်းကောင်း သမိုင်းဝင်နေရာ ဌာနများအနေဖြင့်လေ့လာနိုင်ပေသည်။ ဤသိမ်သည် နှစ်အားဖြင့် ငါးရာကျော်သက်တမ်း ရှိပြီဖြစ်သကဲ့သို့ ဘားမဲ့ဆရာတော်ကြီး နေထိုင် သီတင်းသုံးသွားသည့် နေရာဌာနများမှာလည်း နှစ်အားဖြင့် ဘစ်ပေ ဝန်းကျင်မျှရှိနေပြီ။ တစ်ဖန် အခြားသော သဘာဝလိုဏ်ဂူများနှင့် ဒဏ္ဍာရီ ဆန်ဆန်ရှိနေကြသော ရသေ့မဂူ၊ ရသေ့–ဂူ၊ အောင်စေတီတို့ မှာလည်း လေ့လာစရာများပင်ဖြစ်သည်။ ထို့ပြင် ဇင်းကျိုက်ဆံတော်ရှင် ဘုရား တောင်ခြေတွင် နတ်တို့စောင့်ရှောက်ပြီး နေရာတိုင်းတွင် မပေါက်သော ဒွတ္တာပတ်ပင် တစ်ပင်လည်းရှိလေသည်။

၆၀။ ဇင်းကျိုက်ဘုရားသို့ တက်ရောက်ဖူးမြော်မည်ဆိုပါက သရက်ပင် စခန်းတွင် ကားများကိုထား၍ ဝိဇ္ဇာညီနောင်စေတီနှစ်ဆူသို့ တစ်မိုင် ခန့် ခြေကျင်တက်ရပေသည်။ ဝိဇ္ဇာညီနောင်အထိ လမ်းကြမ်းကိုပြုပြင်

သွားမည်ဖြစ်၍ နောင်တွင် ဝိဇ္ဇာညီနောင် ခြေတော်ရင်းအထိ ကားဖြင့် တက်ရောက် နိုင်ပေတော့မည်။ ဝိဇ္ဇာညီနောင်၏ မြောက်ဘက်အဆင်း တောင်ကုန်းထိပ်တွင် ဘားမဲ့ဆရာတော်အထိမ်းအမှတ် ဘားမဲ့ အောင်သိဒ္ဓိ ကုန်းနှင့် အောင်သိဒ္ဓိစေတီ၊ ဘားမဲ့အောင်မြေတို့ရှိသည်။ ယင်းမှ မင်းတစ်ရာ့တစ်ပါးစေတီနှင့် ရသေ့ဂူတို့ကို မြောက်ဘက် ခပ်လှမ်းလှမ်း တွင် တွေ့မြင်နိုင်သည်။ ဝိဇ္ဇာညီနောင်ကိုဖြတ်၍ တောင်ဘက် ကျောက် လှေကားအတိုင်း ဆံတော်ဘုရားသို့ တက်ရောက်ရပေမည်။ ကျောက် လှေကားလက်ရန်း တစ်ဖက်တစ်ချက်တွင် မြွေနှင့်ဖား မိတ်သဘော ဆောင်သည့် အရုပ်များကို လက်ရာမြောက်စွာတွေ့မြင်ရသည်။ တစ်နေ ရာတွင် မူလ ပြင်းနတ် ဆံတော်ရှင်စေတီတော်၏ ဗျူပွတ်ကို ဖော်ညွှန်း နေသည့် နာဂသူဇာရုပ်တုကို ကျောက်ဂူတစ်ခုအတွင်း တွေ့ရသည်။ အယက်ဆက်တက်သွားပါက လွန်ခဲ့သော နှစ်ခုနှစ်ဆယ်ခန့်က သံမှုလီတို့ဖြင့် ဖုပ်၍ မိုးထားသော သွပ်မိုးသံဇရပ်တစ်ဆောင်ကို တောင်ခါးပန်းတွင် တွေ့ရသည်။ သံဇရပ် နောက်ဘက်တွင် အမည်ကျော် သုံးထပ်ဂူများ ရှိသည်။ ဂူများမှာ မတ်စောက်သော ကျောက်ကမ်းပါးယံနံရံတွင် ရှိကြသဖြင့် တန်ရုံပုဂ္ဂိုလ်တို့ မဝင်ရောက်နိုင်ကြပေ။ ပထမဂူသည် ဇရပ် နောက်ဘက် တွင်ရှိသည်။ ဒုတိယဂူမှာ ယင်းဂူ၏ အောက်တည့်တည့် ချောက်ကမ်းပါးတွင် ကပ်လျက် လည်းကောင်း၊ တတိယဂူကို ဒုတိယဂူ အောက်ဘက် မလှမ်းမကမ်းတွင်လည်းကောင်း သုံးဆင့်သုံးထပ် အစီအရီ ရှိနေကြပါသည်။ တစ်ထပ်မှ တစ်ထပ်သို့ နွယ်ကြိုးဖြင့် ခွန့်ခွန့်တားအား ခက်ခက်ခဲခဲ ဆင်းကြရသည်။ ယိုဂူများတွင် သူတော်စင်ပုဂ္ဂိုလ်တို့ ကမ္မဋ္ဌာန်း ဘာဝနာများ စီးဖြန်း အားထုတ်ခဲ့ကြသည်ဟု အဆိုရှိပါသည်။

ထို့ထက် အံ့ဖွယ်ကောင်းခြင်း သည် မတ်စောက်လှသော တောင်ခါးပန်း ပန်းဂူ၌ ဂူပေါက်တစ်ခုရှိသည်။ ရှေးအဆို ဘိုးသောကြာဂူဟုဆိုသည်။ ရိုးရိုးသွားလာ၍ မည်သို့မျှ မရနိုင်ဘဲ ဘိုးသောကြာဟူသော ပုဂ္ဂိုလ်သာ အဓိဋ္ဌာန်လွန်မြောက်၍ ပကတိအတိုင်း ဝင်ထွက်သွားနိုင်သည်။ ဆံတော်ရှင်ကိန်းဝပ်တော်မူသော လိုဏ်ဂူတော်မုခ်ဝတံခါးပေါက်ဟု လည်း အဆိုပြုကြသည်။

၆၁။ ဘုရားရင်ပြင်တော် တနင်္ဂနွေထောင့်တွင် ဟင်္သာရုပ်ထမ်း တံခွန် တိုင်ကို တွေ့ရသည်။ ဆံတော်ရှင်စေတီတော်မှာ ဉာဏ်တော် (၃၆) တောင်မျှရှိပြီး အရံစေတီရှစ်ဆူတို့ဖြင့် လွန်စွာ သပ္ပာယ် ကြည်ညိုဖွယ် ဖူးမြင်ရသည်။ မြင့်မားလှသော တောင်ထွတ်ဖျားတွင် တည်ထားခြင်း ဖြစ်၍ မိုးသားကင်းစင်သောအချိန်တွင် ပြာလဲ့သောကောင်းကင်ကို နောက်ခံပြုလျက် ဖန်ရောင်မှန်ရောင် ရွှေရောင်တို့ဖြင့် တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းတောက်ပနေပုံကား တာဝတိံသာမှ စူဠာမုနိဆံတော်ရှင် အလား ထင်မှတ်မှားလောက်အောင် လွန်စွာတင့်တယ် အံ့သြကြည်ညိုဖွယ် ကောင်းလှပေသည်။ အရှေ့မှနေထွက်ချိန်၊ လထွက်ချိန် များတွင် ဇင်းကျိုက်ဆံတော်ရှင်စေတီတော်၏ ရောင်လျှံတော်နှင့် နေရောင်လရောင် တို့၏ ရောင်ခြည်တို့သည် မကွဲမပြား နေတန်ဆောင်၊ လတန်ဆောင်ပမာ ရောင်ခြည်တော်တို့ ကွန့်မြူးနေပုံကား အထူးပင် ရင်သပ်ရှုမော အံ့သြ ကြည်ညိုဖွယ် ကောင်းလှပေသည်။ တစ်ခါတစ်ရံတွင် ကောင်းကင်ယံ တိမ်တိုက်အကြားက ဘွားခနဲ ဘွားခနဲနှင့် ရုတ်တရက် ဖူးမြင်ရသည့် အခါမျိုးမှာလည်း မကြုံစဖူး ထူးကဲသော အံ့သြ ကြည်ညိုဖွယ်ပင် ဖြစ်ပါသည်။

## မင်းတက် ကျောက်ဖျာ

၆၂။ ဇင်းကျိုက်ဆံတော်ရှင်စေတီသို့ ဇင်းကျိုက်ရွာ ခြသေ့်နှစ်ကောင် မုခ်ဦးစောင်းတန်းမှ အစပြု၍ ခြေကျင်တက်ရောက်ကြမည်ဆိုပါကလည်း လေ့လာဖွယ် နေရာဌာနများနှင့် ဖူးမြော်ကြည်ညိုဖွယ် ဘုရား စေတီများကို တွေ့မြင်ကြရမည်ဖြစ်သည်။ ဦးစွာ သတိပြုမှတ်သားဖွယ် တစ်ရပ်ကား မုခ်ဦးခြသေ့်နှစ်ကောင်ပင်ဖြစ်သည်။ တောင်ဘက်လက်ယာဘက် ခြသေ့်သည် အမဖြစ်၍ မြောက်ဘက် လက်ဝဲဘက် ခြသေ့်သည် အထီးဖြစ်သည်။ တောင်ထွတ်ဆံတော်ဘုရားသို့ မတက်ရောက် နိုင်သူတို့အတွက် အလွယ်တကူဖူးမြော်နိုင်ရန် ၁၃၄၉ ခုနှစ်ကတည်းက တည်ခဲ့သည့် ဆံတော်ရှင်ဘုရားပုံတူ ထူပါရုံစေတီ ရှေးဟောင်းရုပ်ပွားတော်ကြီးနှင့် လျောင်းတော်မူတို့ကို ဖူးမြင်ရသည်။ နှစ်တစ်ရာ သက်တမ်းရှိ အစောင့် အရှောက်ပုဂ္ဂိုလ်များ၏ နတ်ကွန်းကို စေတီရှေ့တွင် လည်းကောင်း၊ ထိုမှဆက်တက်ပါက နဂါးရုံဘုရား ဂန္ဓကုဋိတိုက်နှင့် စက်တော်ရာ ဂန္ဓကုဋိတိုက်တို့ကိုလည်းကောင်း တွေ့မြင်ရသည်။ စက်တော်ရာ ဂန္ဓကုဋိတိုက် အပေါ်ဘက် ဘေးနောက်ကျောတွင် ညီညာ ပြန့်ဖြူးသည့် ထူးခြားသော နှစ်ပေပတ်လည် ကျောက်ဖျာကြီးမှနေ၍ ဆံတော်ရှင် ဘုရားကို သပ္ပာယ်ကြည်ညိုဖွယ် ဖူးမြင်ရသည်။ ရှေးမင်းတို့သည် ဤနေရာမှ ဆံတော်ရှင်ဘုရားအား လာရောက်ကြည်ညို ဖူးမြော်ကြ သကဲ့သို့ မင်းအဖြစ်ကိုအလိုရှိကြကုန်သော မင်းညီမင်းသား တို့သည် ဤကျောက်ဖျာထက်မှနေ၍ ဆံတော်ရှင်ဘုရားတွင် အဓိဋ္ဌာန်ပြု ဆုတောင်းလေ့ရှိရာ မင်းအဖြစ်ကို ရရှိကြသဖြင့် ဤကျောက်ဖျာကြီးကို

သစ္စာပြုရာ အောင်မြေအဖြစ်ဖြင့်"မင်းတက်ကျောက်ဖျာ"ဟုခေါ်ဆို ခဲ့ကြသည်။

## နဂါးဥစေတီ သင်္ကန်းလှန်းတောင်စေတီ

၆၃။ မင်းတက်ကျောက်ဖျာမှ ဆက်လက်တက်လျှင် လမ်းဘေးဝဲယာတွင် ကြီးမားသောပိတောက်ပင်များဖြင့် အေးချမ်းလှသော ကျောင်းရိပ်ကန်ရိပ် အရသာကို ထိတွေ့ခံစားရသည်။ တန်ခူးလ ပိတောက်ပွင့်ချိန်နှင့် ဆံတော်ရှင်ဘုရားပွဲကား လိုက်ဖက်လှပေသည်။ ပိတောက်လမ်းအဆုံးတွင် လွန်ခဲ့သောနှစ်ငါးဆယ်ကျော်က ဗုဒ္ဓဂါယာမှ ပင့်ဆောင် စိုက်ပျိုးထားသော ဗောဓိညောင်ပင်နှင့် ပလ္လင်ထက်တွင် စံပယ်လျက်ရှိသော ရုဗ္ဗာမုနိဘုရားရှင်ကို ဖူးမြင်ရသည်။ ဘုန်းတော်ကြီး ကျောင်းများနှင့် သီလရှင်ကျောင်းများရှိသည်။ မလှမ်းမကမ်းရှိ တောင်မြင့်စေတီကို ဖူးမြင်ပြီး ကျောက်လှေကားထစ်များကို စတင် တက်ရောက် ရပေတော့သည်။ တောင်ထွတ်မရောက်မီ ခရီး သုံးချိုး နှစ်ချိုးခန့်တွင် "ဇင်းကျိုက်ဆံတော်ရှင်သမိုင်း"တွင် အဓိကနေရာယူထားသော တိဿရသေ့ကြီး၊ နဂါးမ၊ ဝိဇ္ဇာဓိုရ်၊ ရှင်ဂဝံပတိနှင့် တိဿဓမ္မသီဟရာဇာတို့၏ ဘဝကို ရည်ညွှန်းပြောပြနေသည့် "နဂါးဥ"စေတီ၊ ယင်း၏ မျက်နှာချင်းဆိုင်တွင် ဗျတ်ဝိ၊ ဗျတ္တတို့ ဆရာ ဘားမဲ့ဆရာတော်ကျောင်းနေရာကွက်လပ်၊ ယင်းမှ ဆက်၍ တက်ရောက်ပါက သင်္ကန်းလှန်းတောင်စေတီကို ဖူးမြင်ရသည်။ သင်္ကန်းလှန်းတောင်ကား ရှင်သောဏနှင့် ရှင်ဥတ္တရတို့ကြွရောက်စဉ်က သင်္ကန်း လှန်းရာ တောင်တွင်တည်ထားသဖြင့် သင်္ကန်းလှမ်းတောင်ဘုရားဟု ခေါ်တွင်လေသည်။ ယင်းမှ

ဆက်လက်တက်ပါက မတ်စောက်၍ သံပိုက် လက်ရန်းများ တပ်ဆင်ထားသော "စိုင်တမော့"ခေါ်သော တောင်တက်လမ်းကို ဖြည်းဖြည်းချင်းတက်ကြရသည်။ ဤသို့ နှစ်နေရာမျှ ကျော်လွန် တက်ရောက်ပြီးသောအခါ ဇရပ်တန်ဆောင်း ကျောင်းကန်တို့ဖြင့် အပန်းဖြေနားနေရန် ၁၃၂၂ ခုနှစ်က ဇင်းကျိုက် ရေကြည်တော် ဝတ်အသင်းက ဆောက်လုပ်လှူဒါန်းထားသည့် တောင်ထွတ်နှင့် ပေ ၈၀၀ ခန့်သာလိုတော့သည့် "မင်္ဂလာရေကန်"သို့ ရောက်ရှိလေသည်။ တစ်တောင်လုံး အားထားရသည့် ရေကန်ဖြစ်ပြီး လွန်စွာကြည်လင် အေးမြလှသဖြင့် ရေကြည်တစ်ခွက်ကို သောက်လိုက်ရသည်တွင် မောသမျှပြေ၊ ပန်းသမျှလန်းရပေသည်။

## ဓမ္မစေတီမင်းကြီး၏ ကျောက်ဗွင်းနုတ်သိမ်

၆၄။ မင်္ဂလာရေကန်မှနေ၍ သင်္ကန်းလှန်းတောင်သို့ တောလမ်းကလေးတစ်ခုရှိပေရာ ခရီး လေးပုံတစ်ပုံတွင် ရှေးက သူတော်မြတ်တို့ တရားအားထုတ်ခဲ့ရာ ကျောက်ဂူနှစ်လုံးရှိသည်။ သဘာဝစိမ့်စမ်းရေတို့ ဖြင့် တစ်နှစ်ပတ်လုံး မခန်းမခြောက်သော နတ်ရေကန်ရှိသည်။ အမျိုးသမီးများ ရေချိုးမိပါက ထူးခြားစွာရေခန်းခြောက်သွားကြောင်း သိရသည်။ မင်္ဂလာကန်အထက်တွင် ရာမညသာလာသံဃစေတုဒိသာဇရပ်ရှိ၍ ယင်း၏ မလှမ်းမကမ်းတွင် ဓမ္မစေတီမင်းကြီး၏ "ကျောက်ဗွင်းနုတ်သိမ်" ရှိသည်။ ဆက်လက်၍တက်ပါက ကျောက်လှေကားဝဲဘက်တွင် ဆံတော်ရှင်စေတီသို့ ညွှန်ပြနေသော တောင်ပိုင်ဘိုးဘိုးရုပ်တု၊ ဆက်၍ တက်ပါက အောင်စေတီနှင့် ခေတ်ထိုးကျောက်စာရှိသော ပစ္ဆိမဒိသာ

အဆောက်အအုံတို့ကို တွေ့ရသည်။ လက်ယာဘက် ကျောက်ကမ်းပါး အစွန်းတွင် ဝင်္ဂုနှင့် အောင်မင်္ဂလာဗုဒ္ဓစခန်း၊ ဘားမဲ့ဂူ ရှိသည်။ အဆိုပါဂူသို့ သက်မီးလွတ်၊ သတ်လွတ်စားပြီး အဓိဋ္ဌာန်သမား သူတော်စင်တို့သာ အလုပ်စခန်းဝင်နိုင်သည်ဟုဆိုသည်။ နဂါးကြီး သုံးကောင် ကသောကျောက်လှေကားနှစ်စင်းအတိုင်း ဆက်၍ တက်သွား လျှင် ဘုရားရင်ပြင်တော်ပေါ်သို့ နောက်ဆုံးရောက်ရှိ ဖူးမြော်ကြည်ညိုနိုင် ပေတော့သည်။

၆၅။ ဆံတော်ရှင်စေတီရင်ပြင်တောင်ဘက်တွင် နှစ်ထပ်ဇရပ်တစ် ဆောင်ရှိ၍ ဘုရားဖူးတို့ နားနေတည်းခိုနိုင်ပေသည်။ ပထမ ပန်းတင်ခုံ ဗုဒ္ဓဟူးထောင့် အာရုံခံတန်ဆောင်းရှေ့တွင် ဂဝံကျောက်ထီးမှာ ဗုဒ္ဓမြတ်စွာ သုဝဏ္ဏဘူမိသို့ သာသနာ့ဆွေတော်မျိုးတော်များ အကျိုးငှာ ဒေသစာရီ ကြွချီလာပုံ ရှေးဟောင်းမတ်ရပ်ဆင်းတုတော်တစ်ဆူ၊ ဝဲယာနဂါးနှစ်ဦး ရံလျက် ကျိုက်ဗြင်းနတ်(ဇင်းကျိုက်)ဆံတော်ရှင် ကောင်းမှု ရှင်တိဿ ရသေ့ကြီးအားဆံတော်ပေးပြီး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးလျက်ရှိနေပုံ၊ ဝဲဘက်တွင် ဘားမဲ့အကျော် အမော် ဆရာတော်ပုံ၊ ယင်း၏မနီးမဝေး အနောက်ဘက်ရင်ပြင်စွန်းတွင် ဘိုးတော် သိကြားမင်း အား ဝိသုကြံနှင့် မာတလိနတ်သားတို့ ခြံရံလျက် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နေပုံနှင့် တောင်ပိုင်ဘိုးဘိုးကြီးပုံတို့ကို အတိတ် သမိုင်းအဖြစ် လေ့လာတွေ့မြင်ရသည်။ အင်္ဂါထောင့်တွင် ၁၂၆၃- ခုနှစ် ထိုးခေါင်းလောင်းကြီးတစ်လုံးကို တွေ့ရသည်။ စေတီတော် မြတ်ကြီး၏ နှစ်တစ်ရာအခြေအနေကို ခန့်မှန်းတွက်ဆနိုင်ပေသည်။ ကျိုက်ထီးဆောင်းဆရာတော်,, မပြုပြင်မီက ဘုရားရင်ပြင်တော်တွင်

မည်သည့်ရုပ်တုမျှ မရှိကြောင်း၊ ကျိုက်ထီးဆောင်းဆရာတော် ပြုပြင်ပြီးမှ ဂဝံကျောက်တိုင်နှင့် မတ်ရုပ်ပုံတော်များတည်ရှိကြောင်း သိရပါသည်။

## မင်းတစ်ရာ့တစ်ပါးစေတီ

၆၆။ ဇင်းကျိုက်တောင်တွင် လေ့လာဖွယ် အခြားသမိုင်းဝင် ဘုရားစေတီနှင့် နေရာများလည်း အများအပြားပင်ရှိပါသည်။ မင်းတစ်ရာ့တစ်ပါးစေတီနှင့် မင်းတစ်ရာ့တစ်ပါးဂူတို့သည် ဇင်းကျိုက်ဆံတော်ရှင်စေတီ၏ မြောက်ဘက် တောင်ထိပ်အဆုံးတွင် တည်ရှိသည်။ ကတွန်ကျေးရွာမှ တက်ရောက်နိုင်ပါသည်။ မင်းတစ်ရာ့တစ်ပါးအကြောင်းကို လေ့လာကြည့်ရာ အောက်ပါအတိုင်း အကြောင်းအရာ(၃)ခုဖြစ်နေကြောင်းတွေ့ရသည်။

(က) မင်းတစ်ရာ့တစ်ပါးစေတီကို မင်းပေါင်းတစ်ရာ့တစ်ပါး ပြည့်မှ ပြီးအောင်တည်နိုင်ခဲ့သည်ဟု ဆိုပါသည်။

(ခ) မင်းတစ်ရာ့တစ်ပါးတွင် မင်းပေါင်းကိုးဆယ့်ကိုးပါးသည် သာသနာပြန့်ပွားတည်တံ့အောင် ပြုလုပ်ရာတွင် အဟန့်အတားဖြစ်မည်စိုး၍ မိမိတို့ကိုယ်ကို မိမိတို့ အဓိဋ္ဌာန်ဖြင့် ဘဝကူးကျွတ်တမ်းဝင်သွားကြောင်း သီရိဓမ္မာသောကမင်းနှင့် ဒေဝါနံပိယတိဿမထေရ်တို့သာ ကျန်ခဲ့ကြောင်း၊ သီရိဓမ္မာသောကမင်းက ရွှေစေတီပေါင်း ရှစ်သောင်းလေးထောင် တည်ထားသာသနာပြုရာတွင် ဤမင်းတစ်ရာ့တစ်ပါးစေတီသည်လည်း တစ်ဆူအပါအဝင်ဖြစ်ကြောင်း

အဆိုရှိပါသည်။ မင်းတစ်ရာ့တစ်ပါးတို့သည် ဇင်းကျိုက်တောင်မှ ဘားမဲ့ပဠာန်းဆက်ဖြစ်ကြောင်း အဆိုရှိ ပါသည်။

(ဂ) ဓမ္မစေတီမင်းကြီး ဇင်းကျိုက်ဆံတော်ရှင်ဘုရားကို လာရောက်ပြုပြင်စဉ်က ဆင်တပ်၊ မြင်းတပ်စသည့် ဗိုလ်ပါတို့ကို ဤနေရာတွင် ခေတ္တစခန်းချထားခဲ့ကြောင်း၊ ထိုနေရာ တွင် စေတီပျက်ကို မြင်တော်မူ၍ ပြန်လည်တည်ဆောက် ပြုပြင်ခဲ့ကြောင်း၊ ဤဘုရားကိုဆက်ခံထိန်းသိမ်းပြုပြင်ခဲ့သူ အဆက်ဆက်ကို မှတ်တမ်းတင်ရေတွက်ရခက်သဖြင့် မင်းတစ်ရာ့တစ်ပါး ဘုရားဟု သတ်မှတ်ခဲ့ကြောင်းလည်း အဆိုရှိပါသည်။ မည်သို့ပင်ဖြစ်စေ ဘားမဲ့ပဠာန်းဆက်အပေါ်၌သာ ထွက်ရပ်ပေါက်ဝိဇ္ဇာဖြစ်ကောင်းသည်ဟု အဆိုရှိပါသည်။

## ရေတံခွန်နှင့် ကျောက်သမ္ဘန်

၆၇။ ဇင်းကျိုက်တောင်၏ ကျက်သရေဆောင်တစ်ခု ဖြစ်သော ရေတံခွန်နှင့် ကျောက်သမ္ဘန်စေတီတို့မှာ ကြည့်မဝအောင် သာယာလှပါသည်။ ဝက်ကြီး၊ ရွှေသာလျောင်းရုပ်ပွားတော်ကြီးနှင့် ရေလယ်ဘုရား၊ ချောင်းဦးဘုရားတို့မှာလည်း ဖူးမြော်လေ့လာဖွယ်ရာများဖြစ်သည်။ ချောင်းဦးဘုရားသည် ရှေးက ဇင်းကျိုက်ဆံတော်ရှင်ဘုရားဖူးလာသူတို့၏ လှေ၊ သမ္ဘန်ဆိုက်ကပ်ရပ်နားရာ ရေဆိပ် ဖြစ်ကြောင်း သိရပါသည်။

၆၈။ ဇင်းကျိုက်ဆံတော်ရှင် ဘုရားပွဲမှာ တန်ခူးလဆန်း(၈)ရက်နေ့မှ အစပြုလျက် လပြည့်ကျော်(၁)ရက်နေ့ထိ စည်ကားသိုက်မြိုက်စွာ

ကျင်းပလေ့ရှိသည်။ မွန်ပြည်နယ်တွင် အစဦအလာကြီးသော ပြန်တမ်းဝင်ဘုရားဖြစ်သည်။ ရေးကဘုရားပွဲကို တောင်ခြေတွင် ကျင်းပလေ့ရှိရာ တစ်ခါတစ်ရံတွင် ပွဲတော်ကိုတစ်နေ့ရာစီခွဲလျက် အပြိုင်ပြုလုပ်သည်ကိုလည်း တွေ့ရသည်။ ရေးကပွဲတော်ရက်လောက်သာ ဆံတော်ရှင်ဘုရားပေါ်သို့ တက်ရောက်ဖူးမြော်ကြပြီး ကျန်အချိန်များတွင် အဓိဋ္ဌာန်ဝင်ယောဂီ၊ ရသေ့၊ ရဟန်းများသာ မပြတ်ရှိနေကြသည်။ ဇင်းကျိုက်တောင်ပေါ်ရှိ ထူးထွေဆန်းကြယ်သော ဂမုန်း၊ သဇင်၊ သစ်ခွ၊ ရက္ခဗေဒဆိုင်ရာ ရှားပါးသစ်ပင်များ၊ သဘာဝတွင်းထွက်သတ္တုဆေးဝါးများပေါများကြွယ်ဝလှသဖြင့် ဂမ္ဘီရပုဂ္ဂိုလ်တို့သည်လည်း မပြတ်ရှိနေကြပါသည်။

## အပါယ်ပိတ်ဘုရား

၆၉။ ဓမ္မစေတီမင်းကြီးသည် သာသနာပြုခြင်းနှင့် သာသနာသန့်ရှင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ သာသနာ့သန့်ရှင်းခြင်း ပြုလုပ်ရာတွင် ရဟန်းတု ရဟန်းဟောင်းများကိုလည်း သန့်ရှင်းခဲ့ကြောင်း၊ ရဟန်းတုရဟန်းယောင်များကို သန့်ရှင်းရာတွင် စစ်မှန်သော ရဟန်းအရိယာပုဂ္ဂိုလ်တို့လည်း ပါဝင်ခဲ့ကြောင်း၊ ရဟန္တာအရှင်မြတ် တစ်ပါးက ဓမ္မစေတီမင်းကြီးအား စစ်မှန်သောရဟန်းကို သန့်ရှင်းမိပါက အပါယ်သို့လားနိုင်ကြောင်း အဆုံးအမရှိသည်ကို ကြားနာရသဖြင့် ကြီးစွာသောပူပန်မှုများ ဖြစ်ခဲ့ကြောင်း၊ ထိုအခါ ဓမ္မစေတီမင်းကြီးက အပါယ်မှလွတ်မြောက်အောင် မည်သို့ဆောင်ရွက်ရမည်ကို လျှောက်ထားတောင်းပန်လေရာ ရဟန္တာအရှင်မြတ်က ဗုဒ္ဓဘုရားရှင် စက္ခုပ္ပလန္ဒြေ

သိက္ခာအပြည့်နှင့် ဆွမ်းခံကြွနေပုံမျိုး သွန်းလောင်းပူဇော် ကိုးကွယ်ပါက အပြစ်မှချမ်းသာ၍ အပါယ်ပိတ်နိုင်ကြောင်း အဆိုရှိ၍ ထိုပုံစံမျိုး ဘုရားပုံတော်များ သွန်းလောင်းပူဇော်ကိုးကွယ်ခဲ့ကြောင်း၊ ကိုးတိုင်း၊ ကိုးဌာနသို့လည်း ထိုပုံတော်များ ပေးပို့ကိုးကွယ်စေခဲ့ကြောင်း၊ အပါယ်ပိတ်ဘုရားတစ်ဆူကို ဇင်းကျိုက်တောင်ရှိ ယင်းဆောက်လုပ်လှူဒါန်းခဲ့သော "ကျိုက်ဗွင်းနတ်သိမ်" တွင် တည်ထားကိုးကွယ်စေခဲ့ကြောင်း၊ ထိုအပါယ်ပိတ် ဘုရားကို ဘားမဲ့ပဋ္ဌာန်းဆက် ဇင်းကျိုက်တောင်နေ မွန်ရဟန်းအဆက်ဆက်က ထိန်းသိမ်းကိုးကွယ်ခဲ့ကြောင်း၊ နောင်တွင် ကရင်ပြည်နယ် အိန္ဒြစ္ဆာ၌ သီတင်းသုံးတော်မူသော မွန်ဘုန်းတော်ကြီး တစ်ပါးက ရရှိသွားပြီး အနှစ်(၃၀)ခန့် ထိန်းသိမ်းကိုးကွယ်ခဲ့ကြောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ထိုအပါယ်ပိတ်ဘုရား ထွက်ပေါ်လာခဲ့ကြောင်း၊ ရန်ကုန်မြို့သို့ ပင့်ဆောင်၍ ရွှေတိဂုံဘုရားပေါ်တွင် ထားရှိ လူအများပူဇော်ခံခဲ့ကြောင်း၊ ယခုအခါ အဆိုပါ အပါယ်ပိတ်ဘုရားကို အိန္ဒြစ္ဆာတောင်ဘက်တွင် စေတီတစ်ဆူ တည် ဌာပနာထားပါကြောင်း၊ ထိုအပါယ်ပိတ်ဘုရားသည်လည်း ဇင်းကျိုက်တောင်မှ ဘားမဲ့ပဋ္ဌာန်းဆက်ဖြစ်ကြောင်း သိရပါသည်။

## ထင်ပေါ်ကျော်ကြား ရွှေဇင်းကျိုက်ဆံတော်ရှင်ဘုရား

၇၀။ ဆကေသမဟာဓာတုဝင် ဘုရားရှင်ဆံတော် ကိန်းဝပ်စံပယ်ရာ ဇင်းကျိုက်တောင်သည် ဂဏ္ဍာဂီရိ၊ ကုလပဗ္ဗတ၊ ကျိုက်ဗြင်းနတ်၊ ကျိုက်ဂရင်းနတ်၊ ကျိုက်ဗလင်းမွတ်နတ်ဟူသော အမည်မျိုးမျိုးတို့ဖြင့် သမိုင်းတစ်လျှောက် ထင်ရှားခဲ့ပါသည်။ ဇင်းကျိုက်ဆံတော်ရှင်၏

သမိုင်းသည် မဟာသက္ကရာဇ် ၁၁၂ ခု၊ သာသနာ ၂၅၀၀ ကျော် ဟိုမှာဘက်မှ အစပြုခဲ့ရာ ယခုအခါဆံတော်ရှင်၏ သက်တမ်းသည်ကားနှစ်ပေါင်း ၂၆၀၀ အတွင်း ခိုဝင်ရောက်ရှိခဲ့ပေပြီ၊ ဤမျှရှည်လျားသောသမိုင်းတစ်လျှောက်တွင် ခေတ်အမျိုးမျိုးကြုံ၍ လောကဓံအဖုံဖုံကိုရင်ဆိုင်ခဲ့ရပေသည်။ သို့သော် မည်သို့ပင် ခေတ်ပျက် ခေတ်ဆိုးအမျိုးမျိုးနှင့် ကြုံဆုံခဲ့ရသော်လည်း မပျောက်မပျက်တည်ရှိနေခဲ့ခြင်းသည်ဗုဒ္ဓဘုရားရှင်၏ တန်ခိုးတော်ကြောင့်ပင် ဖြစ်ပေသည်။ သာသနာ့အစတည် သုဝဏ္ဏဘူမိဌာနီဟူသော ပညာရှင်တို့၏ အဆိုအမိန့်နှင့်အညီသာသနာ့ သမိုင်းတွင် သုဝဏ္ဏဘူမိက အစပျိုးခဲ့ပြီး မြန်မာပြည်တစ်ဝန်းသာမက အရှေ့တောင်အာရှ၊ လာအို၊ ကမ္ဘောဒီးယား၊ ယိုးဒယား(ထိုင်း)ဒေသ အသီးသီးသို့ပင် ရောက်ရှိသွားခဲ့ပေသည်။ ဤသို့ ဗုဒ္ဓသာသနာတော် အစတည်ရာအကြောင်းခံတို့ကို ဆန်းစစ်ကြည့်လျှင် ဂဏ္ဍာဂီရိ(ခေါ်)ဇင်းကျိုက်တောင်၏ ထူးမြတ်ပုံ၊ တိဿရသေ့၊ အရှင်ဂဝံပတိမထေရ်၊ တိဿဓမ္မသီဟရာဇာတို့၏ အတိတ်ဘဝဇာတ်ကြောင်းသည် ဇင်းကျိုက်တောင်ကို မဏ္ဍိုင်ပြုခဲ့ကြောင်း တွေ့ရမည်ဖြစ်ပေသည်။ သုဝဏ္ဏဘူမိဘုရားရှင် ကြွရောက်သည့် ခရီးစဉ်တွင် ဂဏ္ဍာဂီရိ(ခေါ်)ဇင်းကျိုက်တောင်သည်လည်း ဘုရားရှင်ရပ်နား ဗျာဒိတ်ထားသော နေရာဌာနတစ်ခုဖြစ်ကြောင်း မွန်ရာဇဝင်အချို့တွင် အမှတ်အသားတွေ့ရပေသည်။

## မြင့်မြတ်သော နေရာဌာန

၇၁။ ကုသိနာရုံ၊ ဇင်းကျိုက်စသော ဆကေသမဟာဓာတုဝင်ဆံတော်ရှင်စေတီတော်များ တည်ရှိသကဲ့သို့ ထုံးစေတီဖြူဖြူဖွေးများ

ကိုလည်း တောင်ထွတ်တောင်ဖျားတို့တွင် သဒ္ဒါကြည်နူး ဖူးမဝအောင် တွေ့မြင်ကြရမည် ဖြစ်ပါသည်။ ဤသို့ မြင့်သောတောင်ထိပ်များတွင် ထုံးဖြူဖြူစေတီများကို ဖူးမြင်ရခြင်းသည်ကား မွန်ပြည်နယ်၏ ထူးခြားသော ကျက်သရေမင်္ဂလာ တစ်ရပ်ဟုမြင်ပါသည်။ မြင့်မားသော တောင်ထိပ်တို့တွင် ကိုးပါးအစုံ ဂုဏ်တော်အနန္တ သဗ္ဗညုတ ဉာဏ်တော်ပိုင်ရှင် ဘုရားမြတ်စွာ၏ ဓာတ်တော်၊ မွေတော်၊ ဆံတော် ဓာတ်မြတ်တို့ ကိန်းဝပ်စံပယ်လျက်ရှိသည်ကို ဖူးမြင်ရသောအခါ "မြင့်မြတ်"ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ဝစနတ်ကိုသိမြင်သဘော ပေါက်လာမိပါတော့သည်။ မြတ်ရာဌာနသည် အမြင့်တွင်ရှိပေရာ"မြတ်"သော အကျိုးအခွင့်အလမ်းကို ရရှိနိုင်ရန်"မြင့်"ရာဌာနသို့ရောက်အောင် ကြိုးစားအားထုတ်ရပေမည်။ သို့ဖြစ်၍ ထိုမြတ်သောအရာကို လက်ဝယ်ပိုင်ဆိုင်ရရှိလိုသော အကြင်ပုဂ္ဂိုလ်တို့သည် ထိုမြင့်သောနေရာဌာနသို့ ရောက်အောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း ဘဝအသိနှင့် ယှဉ်၍ကြည့်မြင်သင့်သကဲ့သို့ လောကအမြင်နှင့်လည်း ဆင်ခြင်သင့်လှပေသည်။

၇၂။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ် ကိန်းဝပ်စံပယ်ရာ ဇင်းကျိုက်ဆံတော်ရှင်ဘုရား တောင်ထွတ်သို့ တက်ရောက် ဖူးမြော်ရသော အကျိုးတရားသည် လောကအမြင်သဘောအားဖြင့် သန့်ရှင်းသော လေကောင်းလေသန့်ကို ရှူရှိုက်ရသည်။ သာယာလှပသော တော၏အလှ၊ တောင်၏အလှ ကြည်နူးဖွယ်သောပသာဒတို့ကြောင့် စိတ်ချမ်းမြေ့မှုကိုရသည်။ ဤတောင်တက်ပြီး စားဝင်အိပ်ပျော် ကျန်းမာရွှင်လန်းမှုကား ဆိုဖွယ်မရှိ။ ဤသို့ကာယသုခ၊ စိတ္တ သုခ နှစ်ဌာန

လက်တွေ့ကျကျ ခံစားရသကဲ့သို့၊ ဘုရားရှင် ဆံတော်ဓာတ်မြတ်ကို ဖူးမြင်ရသဖြင့် ရသောဘဝပီတိကားပြောဖွယ်မရှိ၊ သံသရာအကျိုးကား ဆိုဖွယ်မရှိ၊ ဗုဒ္ဓရှင်တော်မြတ်က သာသနာ့ အဆွေအမျိုးတို့ ဆည်းကပ်ပူဇော်စေလို၍ သံသရာမှ ထွက်မြောက်စေလို၍၊ ဉာတတ္ထစရိယာ၊ လောကတ္ထစရိယတို့အတွက် ကြီးမားသောမဟာ ကရုဏာတော်ဖြင့် ပေးသနားချီးမြှင့်ခဲ့သော ဆကေသာမဟာဓာတုဝင် အဆင့်မြင့်ဆံတော် ဖြစ်ပေ သည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင် တို့အနေဖြင့် ဘုရား၏ အဆွေအမျိုး၊ သာသနာ့အဆွေအမျိုးမှန်လျှင် ဤ ဇင်းကျိုက်ဆံတော်ရှင် စေတီတော်သို့ မလွဲမသွေ တက်ရောက် ကြည်ညို ဖူးမြော်သင့်လှပေသည်။ အကယ်၍ ဘာသန္တရ၊ ဒေသန္တရ ဗဟုသုတရှာမှီးလိုသူ သုတေ၀ေရီ၊ သုတစာဂီတို့အတွက်လည်း လေ့လာဖွယ်အသွယ်သွယ်၊ ရှုချင်စဖွယ်အဖုံဖုံ၊ ကြည်နူးဖွယ် အစုံစုံတို့ဖြင့် ပြည့်ဝကုံလုံ သာယာမှုမျိုးစုံလှသည့် နေရာဌာန တစ်ခု ဖြစ်ပါသည်။ ထို့အတူ ဘူမိနက်သန်မှန်ရာဌာနေ ရွှေလိုလှသော မြေမဟီဝယ် ရွှေစေတီကိန်းခန်းအသင့်ဖြင့် ဗုဒ္ဓမြတ်စွာဘုရား ဗျာဒိတ်တော်ထားသည့် အတိုင်း ၅၀၀၀ သာသနာ ရှည်မြင့်ကြာစွာ တည်စေဖွာဖြင့် သဒ္ဓါစိတ်ထား မေတ္တာပွား၍ ဗုဒ္ဓမြတ်ဘုရား ဆွေနွယ်၊ မျိုးနွယ်များတို့ ဖူးမြော်ရောက်၍ ထိုက်အပ်သမျှ သာသနာ့အမွေကိုရကြစေသားဟူ၍ ကောင်းမြတ်သော မနသိကာရဖြင့် နှိုးဆော်တိုက်တွန်းအပ်ပေသည်။

**မောင်စေတနာ**

၂၇-၁၀-၉၆

## ကျမ်းကိုးစာရင်း


၁။ ချစ်သိန်း၊ ဦး – မွန်ကျောက်စာပေါင်းချုပ်၊ ရှေးဟောင်း သုတေသန၊ ၁၉၉၅ ခုနှစ်

၂။ စန္ဒကန္တာမထေရ်၊အရှင် – ဥပ္ပန္နသုဓမ္မဝတီရာဇဝံသကထာမွန်ရာဇဝင်ကြီး၊ ပုညခန္ဓာဂါရပုံနှိပ်တိုက်(ထိုင်းနိုင်ငံ)

၃။ ဖာနီဗယ်၊ ဂျေအက်စ် – ဇမ္ဗူဒီပဉီးဆောင်ကျမ်း၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၆၀ ပြည့်နှစ်

၄။ ပညာ၊ ဦး – မုတ္တမရာဇဝင်ပေါင်းချုပ်၊ သုဝဏ္ဏဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ သထုံမြို့၊ ၁၂၈၉ ခုနှစ်

၅။ မဟာဓမ္မသင်္ကြိန် – သာသနာလင်္ကာရစာတမ်း၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၈၆၅ ခုနှစ်

၆။ မုတ္တမမဟာပိန္နဲဘုရား – ရာမညတိုင်းသုံးရပ် ဓာတ်တော် သမိုင်း၊ မြန်မာသြဘာ စာပုံနှိပ်တိုက်၊ ၁၂၇၃ ခုနှစ်

၇။ မြင့်အောင်၊ ဦး – သုဝဏ္ဏဘူမိမြို့ဟောင်းသမိုင်း၊ အထောက်အထား တက္ကသိုလ် ပညာပဒေသာ အတွဲ(၁၂)၊ အပိုင်း–၁

၈။ ရွှေနော်၊ စစ်ကဲဦး - မွန်ရာဇဝင်နှင့် စေတီတော်သမိုင်း ပေါင်းချုပ်၊ ဟံသာဝတီပိဋကတ် ပုံနှိပ် တိုက်၊ ၁၈၈၉ ခုနှစ်

၉။ လူဖေဝင်း၊ ဦး - ကလျာဏီကျောက်စာ၊ ရွှေသိန်း ပုံနှိပ်တိုက်၊ ၁၉၇၈ ခုနှစ်

၁၀။ လှသမိန် - မြန်မာနိုင်ငံတခွင် ဘုရားသမိုင်း ပေါင်းချုပ်၊ မဟာဝိဇ္ဇာပုံနှိပ်တိုက်

၁၁။ သိန်းလွင်၊ ဦး - ဆံတော်ရှင်သမိုင်း အကျဉ်းချုပ် လုပ်အားပုံနှိပ်တိုက်၊ ၁၉၈၄ ခုနှစ်

၁၂။ TIN GYI, ATM.U - THATON DISTRICT GAZETTEER VOLUME A, GOVT Press-1931.

၁၃။ SHORTO, H.L - A MON GENEALOGY OF KINGS

## ပုံမနှိပ်ရသေးသော အထောက်အကူပြုမှတ်တမ်းများ

| | | |
|---|---|---|
| ၁။ စံဝင်း၊ ဦး | – | စစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ် စပ်ကြားဒေသရှိ ရှေးမြို့ဟောင်းများအား မဟာဝိဇ္ဇာစာတမ်း ပဏ္ဏာမ လေ့လာချက်၊ ၁၉၈၆ ခုနှစ်၊ မဟာဝိဇ္ဇာကျမ်းပြု စာတမ်း |
| ၂။ ဆံတော်ရှင်သမိုင်း ပြုစုရေးအဖွဲ့ | – | ဆံတော်ရှင် ဇင်းကျိုက် ဘုရားသမိုင်း (စာကူးစက်မူ) |
| ၃။ ပြည်ဟိန်း၊ ဦး | – | ဇင်းကျိုက်ဆံတော်ရှင်နှင့် ဝိဇ္ဇာ ညီနောင် ထီးတော်တင်ပွဲမှတ်တမ်း (လက်ရေးမူ) |

၂၃၃၇၉